# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**

### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်( ၃၃၂)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် SCO ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ကြမည့် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO SUMMIT 2025) အစည်းအဝေးအထိမ်းအမှတ် ကြိုဆိုဂုဏ်ပြုညစာစားပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၃၁

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(Shanghai Cooperation Organisation – SCO SUMMIT 2025) တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် Tianjin Meijian Convention Center ၌ ကျင်းပပြုလုပ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က တည်ခင်းဧည့်ခံသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

*စာမျက်နှာ ၃ ကော်လံ ၁ ☼*

ယနေ့

ဖတ် စ ရာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး**

ပြည်တွင်းသတင်း | စာ ၃



**DEMU အမြန်ရထားများဖြင့် ခရီးသွားကဏ္ဍ တစ်ခေတ်ဆန်းသစ်**

ဆောင်းပါး | စာ ၈



## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

**(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

*❊ ရှေ့ဖုံးမှ*

အဆိုပါ ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Putin၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi တို့အပါအဝင် SCO ထိပ်သီးအစည်းအဝေးသို့တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့က တစ်ဦးချင်း ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသည့် SCO ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရိုးရာယဉ်ကျေးမှုအကအဖွဲ့က တေးသီချင်းများ၊ အကအလှုများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping နှင့်ဇနီးတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် H.E. Mr. Shri Narendra Modi နှင့် ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် တီယန်ကျင်းမြို့ရှိ Wanda Vista ဟိုတယ်၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး **(အောက်ဝဲပုံ)** တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့်အတူ အိန္ဒိယနိုင်ငံ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ကုန်သွယ်မှုကဏ္ဍ မြင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အိန္ဒိယနိုင်ငံမှ ထောက်ခံအားပေးလျက်ရှိမှုနှင့် ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအား SCO အဖွဲ့ဝင်ဖြစ်စေရေး အိန္ဒိယနိုင်ငံမှ ထောက်ခံပေးလျက်ရှိမှုအခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်ပြီး လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၃၁

**မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့ Tangla Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ဆွေးနွေးပြောကြား**

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မိုင်ပေါင်း ၁၃၀၀ ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေး၊ နယ်စပ်ကုန်သွယ်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဘက်စုံလွှမ်းခြုံသည့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (Myanmar-China Comprehensive Strategic Cooperative Partnership) ကို နှစ်နိုင်ငံအကြား စတင်နိုင်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အလားအလာကောင်းများကို နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏတို့သည် သိသာထင်ရှားစွာ တိုးတက်လာခဲ့ကြောင်း။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအများဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံအနက် အဆင့် ၂ နေရာတွင်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၈၀၀၀ ကျော်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၇၀၀ ကျော်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဇူလိုင်လအထိ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၃၀၀၀ ကျော်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုခိုင်မာအားကောင်းနေသည်ကို တွေ့မြင်ရမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံကို ဆန်၊ ပဲမျိုးစုံနှင့် နှမ်းစသည့်စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းများ၊ ကျွန်း၊ သစ်မာကုန်ကြမ်းများနှင့် သစ်အခြေခံအချောထည်ထုတ်ကုန်များကို အဓိကတင်ပို့လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တန်ဖိုးမြင့် သစ်အခြေခံထုတ်ကုန်များအဖြစ် ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပစျေးကွက်များကို ဖြန့်ဖြူးတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း။

မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့်အတွက် ကုန်သွယ်မှုပြုလုပ်ရာတွင် နယ်စပ်ဂိတ်များသည် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို တိုက်ရိုက်အထောက်အကူပြုနေခြင်းကြောင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းပြီး ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်စေရန် တတ်နိုင်သရွေ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်သည်ကို ပြောကြားလိုကြောင်း။ *စာမျက်နှာ ၅ သို့*




မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲသို့ တက်ရောက်လာသူတစ်ဦးက သိရှိလိုသည်များ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးစဉ်။




မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက သိရှိလိုသည်များ ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးစဉ်။

- မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်း ထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်
- ထို့ပြင် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံစည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်
- လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများရှိ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်မှ ဒုတိယအဓိပတိနှင့် တွေ့ဆုံဆွေးနွေး

## ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် တီယန်ကျင်းမြို့ရှိ Tangla Hotel ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိ ပါမောက္ခ Prof. Gong Wei ဦးဆောင်သော တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အဖွဲ့ဝင်များ၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် တပ်မတော် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဂြိုဟ်တုနည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအတွက် နည်းပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး ဝူဟန်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးနိုင်သည့် အခြေအနေများ၊ ဝူဟန်တက္ကသိုလ်၏သမိုင်းကြောင်းနှင့် နိုင်ငံတကာမှကျောင်းသား ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဝူဟန်တက္ကသိုလ်၏ ဒုတိယအဓိပတိက အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

ယခုအခါ မြန်မာ-တရုတ် နယ်စပ်ဒေသ မတည်ငြိမ်မှုများကြောင့် ယူနန်စီးပွားရေးကိုလည်း ထိခိုက်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုများ ယခင်ထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၊ အရှေ့မြောက်ဒေသမှတစ်ဆင့် ယူနန်ပြည်နယ်၊ စီချွမ်ပြည်နယ်၊ ချုံချင့်မြူနီစပယ်ဒေသ၊ ကွမ်ရှီးပြည်နယ်၊ နန်နင်းမြို့အထိ ကုန်သွယ်ရေးလမ်းကြောင်းအား တိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်သွယ်ရေးလမ်းကြောင်းသည် တရုတ်-မြန်မာ နှစ်နိုင်ငံလုံးအတွက် အဓိကကုန်သွယ်ရေးလမ်းကြောင်းဖြစ်လာမည့်အပြင် တရုတ်နိုင်ငံ၊ အရှေ့တောင်ပိုင်းဒေသ၊ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှ မြန်မာနိုင်ငံကို ပေါင်းကူးတံတား (Landbridge) အနေဖြင့် အသုံးပြုပြီး အာဆီယံနိုင်ငံများကိုလည်း စီးပွားရေးဆိုင်ရာ ကုန်သွယ်ချိတ်ဆက်မှုများ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဦးစွာအလေးထား ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တရုတ်နိုင်ငံ၏ အကူအညီဖြင့် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်၊ စိုက်ပျိုးရေး၊ စက်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများတွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နှစ်နိုင်ငံအကြား ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိတွင် မူဆယ်-မန္တလေး မီးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းနှင့် မန္တလေး-ကျောက်ဖြူ မီးရထားလမ်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**❖ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာမဟာဗျူဟာ အချက်အချာကျကျ တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိ**

**❖ မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို မျှဝေဆွေးနွေးခွင့်ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိ၊ မြန်မာနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်**

မန္တလေး-မူဆယ် မီးရထားလမ်းသည် တရုတ်-မြန်မာနယ်စပ် မူဆယ်မြို့မှ မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကုန်သွယ်ရေးအချက်အချာဖြစ်သည့် မန္တလေးမြို့ကို ချိတ်ဆက်ဖောက်လုပ်မည့် အမြန်ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့် ပေကျင်း-ကူမင်း-ရွှေလီ အမြန်ရထားလမ်းပိုင်းနှင့် ချိတ်ဆက်မည်ဖြစ်ကြောင်း၊ မူဆယ်မြို့သည် တရုတ်-မြန်မာ ကုန်သွယ်ရေးတွင် အရေးပါဆုံးသော နယ်စပ်ဂိတ်တည်ရှိရာမြို့ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတန်ဖိုး ပေါင်း အမေရိကန်ဒေါ်လာသန်း ၃၂၀၀ ကျော်ရှိသည့်အနက် သန်း ၂၀၀၀ ကျော်သည် မူဆယ်-ရွှေလီ နယ်စပ်ဂိတ်မှ ကုန်စည်စီးဆင်းမှုဖြင့် ရရှိခြင်းဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါမီးရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းရှိ ပင်လယ်ထွက်ပေါက်မရှိသည့် တောင်ပိုင်းပြည်နယ်များကို မြန်မာနိုင်ငံမှတစ်ဆင့် ပင်လယ်ထွက်ပေါက်ရရှိစေနိုင်သော

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ကြောင်း၊ မူဆယ်-မန္တလေး ရထားလမ်းသည် ကျောက်ဖြူ-ကူမင်းမီးရထားလမ်းစီမံကိန်းကို အကောင်အထည်ဖော်ခြင်း၏ ပထမခြေလှမ်းဖြစ်ပြီး ကျောက်ဖြူ-ကူမင်းမီးရထားလမ်းစီမံကိန်း၏ အဓိကကျသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ကြောင်း၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်အဖြစ် ပုံပေါ်လာနိုင်မည့် အလားအလာရှိသော အခွင့်အလမ်းကောင်းများဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် နယ်နိမိတ်ချင်းထိစပ်တည်ရှိနေသည့်အတွက် ကုန်သွယ်မှုများပြုလုပ်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် တောင်အာရှ၊ အရှေ့တောင်အာရှနှင့် တရုတ်နိုင်ငံတို့ ဆုံစည်းရာနေရာတွင် ပထဝီအနေအထားအရ အချက်အချာကျကျ တည်ရှိလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်မှုအနေဖြင့်လည်း လမ်းဆုံနေရာတွင် တည်ရှိနေပြီး တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာထွက်ပေါက်ကို ဖန်တီးပေးနိုင်မည့် နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် အခြေခံအဆောက်အအုံကဏ္ဍများသည် တရုတ်နိုင်ငံအတွက် အလားအလာကောင်းများရှိသည်ကိုအသိပေးပြောကြားလိုကြောင်း။

ထို့ပြင် အဆိုပါ မီးရထားလမ်းစီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ပြီး ကုန်သွယ်နိုင်မည်ဆိုပါက မိမိတို့နှင့် ပထဝီအနေအထားအရ အလှမ်းဝေးကွာသော်လည်း နှစ်နိုင်ငံလုံးနှင့်ဆက်ဆံရေးကောင်းမွန်လျက်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအထိ ကုန်သွယ်မှုပြုလုပ်နိုင်မည့် အလားအလာကောင်းများရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့ အလယ်တွင် တည်ရှိလျက်ရှိရာ မြန်မာ-တရုတ်-ရုရှား သုံးနိုင်ငံပူးပေါင်းပြီး ကုန်သွယ်ရေးကဏ္ဍကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်စည်စီးဆင်းမှုကိုလည်း များစွာအထောက်အကူပြုနိုင်သည့် အခွင့်အလမ်းကောင်းများ ထွက်ပေါ်လာနိုင်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို အတည်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို RCEP သဘောတူစာချုပ်တွင် ၂၀၂၂ ခုနှစ်၊ မေလ ၁ ရက်တွင် စတင်အသက်ဝင်ခဲ့သည်ကို အတည်ပြုပေးခဲ့ကြောင်း၊ RCEP သဘောတူစာချုပ်အပြင် တရုတ်-မြန်မာနှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်၊ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူစာချုပ် (ACFTA)နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အကာအကွယ်ပေးရေးနှင့် လွယ်ကူချောမွေ့စေရေးအစီအမံများကြောင့် မိမိတို့နှစ်နိုင်ငံအကြား အပြင် ဒေသတွင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကိုပါ ခိုင်ခိုင်မာမာ တိုးမြှင့်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

တရုတ်နိုင်ငံက ဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း(Belt and Road Initiative-BRI)မှာ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် ပထမအကြိမ် ရပ်ဝန်းနှင့်ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား ပိုးလမ်းမကြီးစီးပွားရေးရပ်ဝန်းနှင့် (၂၁) ရာစု ရေကြောင်းပိုးလမ်းမကြီး ကနဦးအစီအစဉ်မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ




**မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA) နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးစဉ်။**

နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြင့် အဆိုပါစီမံကိန်းတွင်ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းတွင် ကုန်းလမ်းနှင့် ရေကြောင်းလမ်းနှစ်သွယ်ဖြင့် ပိုးလမ်းမစီမံကိန်းဆိုပြီး မဏ္ဍိုင်နှစ်ရပ်ပါရှိပြီး ပထမမဏ္ဍိုင်တွင် တရုတ်နှင့် ဥရောပနိုင်ငံများ စီးပွားရေးချိတ်ဆက်မှု ပိုးလမ်းမသစ် (Silk Road Economic Belt) နှင့် ဒုတိယမဏ္ဍိုင်တွင် အရှေ့တောင်အာရှ၊ အာဖရိက၊ ဥရောပနိုင်ငံတို့နှင့် ရေကြောင်းဆိုင်ရာဆက်သွယ်မှု ပိုးလမ်းမ (Maritime Silk Road) ဆိုပြီး သတ်မှတ်ထားရှိကြောင်း။

အဆိုပါစီမံကိန်းမှာ အပြည်ပြည်ဆိုင်ရာစင်္ကြံ ၆ ခုပါရှိပြီး မြန်မာနိုင်ငံအနေဖြင့် ကုန်းလမ်းနှင့် ရေလမ်း ၂ မျိုးလုံးအသုံးပြုနိုင်သည့် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ(BCIM) စီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံတို့တွင် ပါဝင်ပတ်သက်လျက်ရှိကြောင်း။

အဆိုပါစီမံကိန်း ၆ ခုမှာ မန္တလေး-မူဆယ်ရထားလမ်းစီမံကိန်းလည်း အပါအဝင်ဖြစ်ပြီး မိမိတို့အနေဖြင့် စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မီးရထားလမ်းစီမံကိန်းသည် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် BRI စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုနေကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးအတွက် များစွာအထောက်အကူပြုသည့် စီမံကိန်းဖြစ်သည့်အတွက် အဆိုပါစီမံကိန်းကို အမြန်ဆုံးပြီးမြောက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

တရုတ်နိုင်ငံက ကြီးမှူးဆောင်ရွက်နေသည့် ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်(Global Development Initiatives-GDI)တွင်ပါဝင်သည့် ဦးစားပေးနယ်ပယ် ၈ ခုတွင် မြန်မာနိုင်ငံနှင့်ကိုက်ညီသည့် ကဏ္ဍများစွာ ပါဝင်နေခြင်းကြောင့် မိမိတို့မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်မိတ်ဖက် စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်လုပ်ဆောင်ရန် လွယ်ကူချောမွေ့စေရန်ရည်ရွယ်ပြီး ကုန်သွယ်မှု၊ နယ်စပ်ငွေလွှဲပြောင်းပေးချေမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရာတွင် ယွမ်-ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးဂိတ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက် ပိုမိုတိုးမြှင့်သွားလိုကြောင်း၊ ထို့ကြောင့် မိမိတို့၏ မိတ်ဖက်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးခံစားခွင့်များနှင့် အခွန်ကင်းလွတ်သက်သာခွင့်များကို သိသာစွာပံ့ပိုးပေးထားသည့်အပြင် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြသူများ၊ ကုန်သွယ်မှုဆောင်ရွက်သူများအတွက် နစ်နာမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲပြုလုပ်မည်ဖြစ်ပြီး နိုင်ငံရေးတည်ငြိမ်မှုများ ပိုမိုအားကောင်းလာစေမည်ဖြစ်ကြောင်း၊ တည်ငြိမ်မှုရှိလာသည်နှင့်အမျှ စီးပွားရေးဆောင်ရွက်မှုအခွင့်အလမ်းများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ မြေပေါ်၊ မြေအောက်၊ ရေသယံဇာတများ၊ လူသားအရင်းအမြစ်များနှင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ပူးပေါင်းလိုက်ပါက နှစ်နိုင်ငံအတွက် သိသာသည့် ရလဒ်ကောင်းများ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံတို့ကဲ့သို့သော စီးပွားရေးဈေးကွက်ကြီးမားသည့် နိုင်ငံများနှင့်လည်း နီးကပ်စွာ မဟာဗျူဟာအချက်အချာကျကျ တည်ရှိနေခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအားလုံး၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အိမ်နီးချင်းနိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံရေးကို ထိန်းသိမ်းထားရှိကြောင်း။

မိမိအနေဖြင့် ယခုကဲ့သို့ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် နှစ်နိုင်ငံအကြား များစွာအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုအလားအလာများကို မျှဝေဆွေးနွေးခွင့် ရရှိသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်း၊ မြန်မာနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် ယုံယုံကြည်ကြည်ဖြင့် လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ကြောင်း၊ ယခုတွေ့ဆုံဆွေးနွေးပွဲမှတစ်ဆင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ရေရှည်တည်တံ့ခိုင်မြဲပြီး အနာဂတ်တွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

**မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက သိရှိလိုသည်များနှင့် လိုအပ်ချက်များအား အသီးသီးဆွေးနွေးပြောကြား**

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂိုလ်များနှင့် ရင်းနှီးမြှုပ်နှံထားသည့် တရုတ်နိုင်ငံကုမ္ပဏီများမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ မြန်မာနိုင်ငံ၌ EV ကားများ တပ်ဆင်ထုတ်လုပ်နေမှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးချဲ့ဆောင်ရွက်လိုမှုနှင့် အခွန်နှုန်းထားများအား သိရှိလိုမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် စွန့်ပစ်အမှိုက်များအသုံးပြု၍ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်လိုမှု၊ မြန်မာနိုင်ငံ၏ သတ္တုတူးဖော်ရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍ မြှင့်တင်နိုင်ရေးလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လိုမှု၊ သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ဆောင်ရွက်လိုမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် မြန်မာနိုင်ငံအစိုးရမှ ဖြေရှင်းပေးနိုင်မည့် အခြေအနေများ၊ ကုမ္ပဏီများအလိုက်မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံမှ ချမှတ်ထားသည့် ပို့ကုန်သွင်းကုန်မူဝါဒများအား သိရှိလိုမှု၊ နှစ်နိုင်ငံ စီးပွားဆက်သွယ်မှုလမ်းကြောင်းများအား ယခုထက် ပိုမိုပွင့်လန်းလာစေရေး ဆောင်ရွက်နိုင်ရန် လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်မှု၊ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့အတွက် အကျိုးကျေးဇူးများစွာကို ဖော်ဆောင်ပေးနိုင်မည့် အခြေအနေများ၊ ယခုကဲ့သို့ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည်များ မေးမြန်းမှုအပေါ် အချိန်ပေး၍ လက်ခံဖြေကြား ဆွေးနွေးပေးသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား အထူးပင်ကျေးဇူးတင်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာမေးမြန်းဆွေးနွေးကြသည်။

**သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများက အသီးသီးပြန်လည် ဆွေးနွေးပြောကြား**

ထိုကဲ့သို့ တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ မေးမြန်းဆွေးနွေးမှုများနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက်မှ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၌ EV ကားများအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိမှု၊ EV ကားများ၏ သွင်းကုန်လိုင်စင်နှင့် ပတ်သက်၍လည်း အခွန်ကင်းလွတ်ခွင့်ပေးထားမှု၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေးလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိမှု၊ စွမ်းအင်နှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်စွမ်းအားနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

**ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြား**

ဆွေးနွေးမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေး ပြောကြားရာတွင် မိမိတို့နိုင်ငံတွင် လက်ရှိအချိန်၌ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် EV ကားများကို လက်ရှိအချိန်တွင် တင်သွင်းခွင့်ပေးထားပြီး SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်း၊ နောင်အနာဂတ်တွင် ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်အခများ လျှော့ချနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့ရှိ သီလဝါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်ခြင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မိမိအနေဖြင့်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲသည့် မော်တော်ယာဉ်များ လျှော့ချပြီး လျှပ်စစ်ကားများ အသုံးပြုမှုတိုးမြှင့်နိုင်ရေးသည် မိမိ၏ရည်မှန်းချက်ဖြစ်ကြောင်း၊ ထို့ကြောင့် တရုတ်နိုင်ငံမှ EV ကားထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

သတ္တုတူးဖော်မှု အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် သဘာဝသယံဇာတပစ္စည်းများအား ကုန်ကြမ်းအဖြစ် ပြည်ပနိုင်ငံများသို့ တင်ပို့ခြင်းကို ခွင့်မပြုထားသော်လည်း ကုန်ချောအဖြစ်ထုတ်လုပ်၍ တင်ပို့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ သယံဇာတများ ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါက မြန်မာနိုင်ငံသို့ လာရောက်ဆွေးနွေးသွားရန် ဖိတ်ခေါ်ပါကြောင်း။

စွမ်းအင်ကဏ္ဍနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းများအတွက်လည်း လာရောက်ဆွေးနွေးနိုင်ကြောင်း၊ မိမိအနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကို ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး Waste To Energy ကိုလည်း ဒုတိယဦးစားပေးအနေဖြင့် စိတ်ဝင်စားကြောင်း၊ သို့သော် ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်ရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများသို့ ဆန်၊ ပဲ၊ ပြောင်း စသည့်သီးနှံများကို အဓိကထားတင်ပို့လျက်ရှိကြောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ – တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ လုပ်ငန်းများမြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်လိုကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့တွေ့ဆုံပွဲအခမ်းအနား၌ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကထားဆွေးနွေးသွားကြသည်ကို တွေ့ရကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းကောင်းနိုင်ငံ၊ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှတစ်ဆင့် နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကုန်သွယ်မှုများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးထုတ်ကုန်များကို အဓိကထားထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့နိုင်သည့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အရည်အသွေးကောင်းမွန်သည့် ပေါ်ဆန်းမွှေးကဲ့သို့ ဆန်အမျိုးအစားများလည်းရှိကြောင်း။

ယနေ့ တွေ့ဆုံဆွေးနွေးမှုများသည် အောင်မြင်သည့် တွေ့ဆုံဆွေးနွေးမှုပင်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့ချိန်၌လည်း အောင်မြင်မှုရှိသည့် တွေ့ဆုံဆွေးနွေးမှုများရရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တရုတ်နိုင်ငံအတွက် လိုအပ်သည့်ပစ္စည်းများကို မြန်မာနိုင်ငံမှ တင်ပို့၍ရနိုင်ကြောင်း၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများမှာ ကာလရှည်ကြာလျက်ရှိပြီဖြစ်ပြီး လက်ရှိအချိန်တွင် ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်နေခြင်းဖြစ်သဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် စိတ်ပါဝင်စားပါက မြန်မာနိုင်ငံသို့ လာရောက်၍ ဆွေးနွေးဆောင်ရွက်နိုင်ကြောင်း၊ လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ပြီး နှစ်ဖက်အကျိုးဖြစ်ထွန်းမှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ထို့ကြောင့် မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး မိမိရောက်ရှိသည့်အချိန်အတိုင်း တိုးတက်ပြောင်းလဲမှုများရှိသည်ကိုမြင်တွေ့ရကြောင်း၊ မိမိတို့အနေဖြင့်လည်း မြန်မာနိုင်ငံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သဖြင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အစွမ်းကုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး အဆွေတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကို လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ ဖိတ်ခေါ်ပါကြောင်း တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှု ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့်အတူ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို အတူတကွ သုံးဆောင်ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် မြန်မာ့ရိုးရာ အစားအစာတစ်ခုဖြစ်သည့် လက်ဖက်သုပ်သုပ်နည်းအား တာဝန်ရှိသူများက သရုပ်ပြသကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်စီးပွားရေး လုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ဆက်လက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုးပွဲကို ကျင်းပပြုလုပ်ရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ဆင်ဟွာသတင်း အေဂျင်စီတို့အကြား သတင်းဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ မြန်မာ – အိန္ဒိယ – တရုတ်ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA) နှင့် တရုတ်နိုင်ငံ အသေးစားနှင့် အလတ်စားလုပ်ငန်းများအသင်း (CASME) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ ရွှေသံလွင်ဟိုးလ်ဒင်းကုမ္ပဏီလီမိတက်နှင့် China Harbor Engineering Co.,Ltd.(CHEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Royal Green Ocean Co., Ltd. နှင့် Jiangxi Longzheng Technology Development Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Yunnan Baoshan Hengyi Industrial Group Co., Ltd. (HYIG)နှင့် Transland Public Co., Ltd. (TPC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ Platypus Public Co., Ltd. နှင့် China Enerever Solutions (Shanghai) Co., Ltd. တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတို့အား ပြည်ထောင်စုဝန်ကြီးများနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**○ မိမိတို့နိုင်ငံတွင် လက်ရှိအချိန်၌ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် EV ကားများကို လက်ရှိအချိန်တွင် တင်သွင်းခွင့်ပေးထားပြီး SKD စနစ်ဖြင့် ထုတ်လုပ်ရောင်းချခွင့်ပြုထား၊ နောင်အနာဂတ်တွင် ယခုထက်ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်၊ အခွန်အခများ လျှော့ချနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်၊ ရန်ကုန်မြို့ရှိ သီလဝါစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံထုတ်လုပ်ခြင်းနှင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့ခြင်းများကို ဆောင်ရွက်နိုင်၊ မိမိအနေဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်၊ မြန်မာနိုင်ငံတွင် လောင်စာဆီသုံးစွဲသည့် မော်တော်ယာဉ်များ လျှော့ချပြီး လျှပ်စစ်ကားများ အသုံးပြုမှုတိုးမြှင့်နိုင်ရေးသည် မိမိ၏ရည်မှန်းချက်ဖြစ်၊ ထို့ကြောင့် တရုတ်နိုင်ငံမှ EV ကားထုတ်လုပ်သူများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလို**

## စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက်ကျော်လွန်နေ

နေပြည်တော် ဩဂုတ် ၃၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ကြည့်မြင်တိုင်မြို့နယ်၌ မဲပေးစက်ဆိုင်ရာအသိပညာပေး

ရန်ကုန် ဩဂုတ် ၃၁

ဒေသခံမဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲပေးစက်အကြောင်း အသိပညာပေးရှင်းလင်းပွဲကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ပြုလုပ်သည်။ **(ယာပုံ)**

အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီတို့က အမှာစကားပြောကြားပြီး အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဒုတိယဦးစီးမှူး ဦးစည်သူက မဲပေးစက်ဆိုင်ရာသိကောင်းစရာများ၊ စက်ဖြင့် မဲပေးခြင်း



ဖြင့် ရိုးရှင်းလွယ်ကူပြီး တိကျစနစ်တကျရှိခြင်းတို့ကို အသေးစိတ်ရှင်းပြခဲ့ပြီး တက်ရောက်လာကြသော ရပ်ကွက်ပြည်သူများက လက်တွေ့မဲပေးခဲ့သည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## ငဖဲမြို့နယ်၌ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်

ငဖဲ ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ နေထိုင်သည့် ပြည်သူများအား ၂၀၂၅ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဒါန်းကျေးရွာ အမှတ်(၂) အောင်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ငဖဲမြို့နယ် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက အမှာစကားပြောကြားပြီး ငဖဲမြို့နယ်အတွင်း အခြားတိုင်းဒေသကြီး၊ ပြည်နယ်များမှ ယာယီနေရပ်စွန့်ခွာနေထိုင်သည့် အိမ်ထောင်စု ၁၃၀ မှ ပြည်သူ ၅၅၈ ဦးအတွက် ၂၀၂၅ ခုနှစ် ဧပြီ၊ မေ၊ ဇွန်လအတွက် စုစုပေါင်းငွေကျပ် ၃၃၄၈၀၀၀၀ အား ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မယု(ငဖဲ)**

# DEMU အမြန်ရထားများဖြင့် ခရီးသွားကဏ္ဍ တစ်ခေတ်ဆန်းသစ်

ကေကေ



နေပြည်တော်ဘူတာကြီး၌ DEMU လူစီးအမြန်ရထားများကို တွေ့ရစဉ်။

**မြန်မာ့မီးရထားမှ စက်ခေါင်းမောင်း (၂) အထူး ဦးဇော်မင်းသန်း တစ်ယောက် ယူနီဖောင်းအပြည့်အစုံဖြင့် ရထားမောင်းနှင်ရန် အသင့်အနေအထား ဖြစ်နေသည်။ သူက မြန်မာ့မီးရထားတွင် လုပ်သက် ၁၀ နှစ်ကျော် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သည့်အတွက် ရထားမောင်းနှင်မှုသည် ကျွမ်းကျင်ဝန်ထမ်းအဆင့်သို့ ရောက်ရှိနေသူဖြစ်သည်။ ထို့ပြင် မီးရထားနှင့် ပတ်သက်သည့် နည်းပညာများကို ပြည်ပကျွမ်းကျင်ပညာရှင်များထံမှ စာတွေ့၊ လက်တွေ့သင်ယူခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် လူစီးအမြန်ရထားမောင်းနှင်ရန် တာဝန်ပေးခြင်းခံရပြီး ယခုအခါ စက်ခေါင်းမောင်း (၂) အထူးရာထူးဖြင့် ရထားစီးခရီးသွားပြည်သူများကို ခရီးစဉ်အစုန်/အဆန် မောင်းနှင်ပို့ဆောင်ပေးလျက်ရှိသည်။**

"ဒီနေ့က DEMU လူစီးအမြန်ရထားနဲ့ ရန်ကုန်-နေပြည်တော်ခရီးစဉ်အတွက် တာဝန်ထမ်းဆောင်ရမှာပါ။ ရထားကြီးမောင်းပြီး ခရီးသည်တွေကို အန္တရာယ်ကင်းစွာနဲ့ လိုရာခရီး ပို့ဆောင်ပေးရတဲ့ အလုပ်ကို ဝါသနာအရ ရွေးချယ်လုပ်ဖြစ်တာပါ။ ဒီလို တာဝန်ထမ်းဆောင်ခွင့်ရဖို့ ကျွန်တော်တို့ တွဲရွေ့စက်ခေါင်းမောင်းတာဝန်၊ ကုန်ရထား၊ မြို့ပတ်ရထားမောင်း စသည်ဖြင့် အဆင့်ဆင့် တာဝန်ထမ်းဆောင်ပြီးမှ ပြည်သူအများ လိုက်ပါစီးနင်းတဲ့ လူစီးအမြန်ရထားကို မောင်းနှင်ခွင့်ရပါတယ်။ ဒီအတွက် လိုအပ်တဲ့ စွမ်းရည်မြှင့်သင်တန်းတွေ၊ နည်းပညာတွေ အားလုံးကို စာတွေ့၊ လက်တွေ့ သင်ယူလေ့လာရပါတယ်" ဟု ဦးဇော်မင်းသန်းက ပြောပြသည်။

ဦးဇော်မင်းသန်း အလှည့်ကျ တာဝန်ယူမောင်းနှင်ရသည့် Diesel Electric Multiple Unit (DEMU) လူစီးအမြန်ရထားသည် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် မောင်းနှင်ချိန် ၆း နာရီခွဲသာကြာမြင့်သည့် အမြန်ရထားဖြစ်သည်။ အဆိုပါ လူစီးရထားများကို ဂျပန်နိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ဝယ်ယူရောက်ရှိလာသည့် လေအေးပေးစက်ပါရှိသော ခေတ်မီDEMU ရထားတွဲဆိုင်းသစ်များဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။

နေ့စဉ် ရန်ကုန်-နေပြည်တော် ခရီးစဉ်အဖြစ် ရန်ကုန်မှ နံနက် ၆ နာရီတွင် DEMU လူစီးအမြန် အမှတ် (၇) အဆန် ရထားထွက်ရှိပြီး နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိသည်။

ထို့အတူ နေ့စဉ် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် DEMU လူစီးအမြန် အမှတ် (၈) အစုန်ရထားထွက်ရှိပြီး ရန်ကုန်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိသည်။

"စီးပွားရေးလုပ်ငန်းအတွက် နေပြည်တော်နဲ့ ရန်ကုန်ဆိုတာ အိမ်ဦးနဲ့ ကြမ်းပြင်လို သွားရလာရပါတယ်။ အရင်က ကားနဲ့ သွားပါတယ်။ အခုနောက်ပိုင်းတော့ ဒီအမြန်ရထားနဲ့ပဲ သွားဖြစ်ပါတယ်။ ကျွန်မက ပျဉ်းမနားမှာ နေတာပါ။ ပျဉ်းမနားဘူတာကနေ




DEMU လူစီးအမြန်ရထား လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။

ရထားစီးလိုက်တယ်။ ရထားပေါ်မှာ သန့်စင်ခန်းပါတဲ့အတွက် အပေါ့အပါးကိစ္စအတွက် မပူရဘူး။ လုံခြုံတယ်၊ အဲကွန်းစနစ်ပါတော့ အေးအေးလူလူ စီးရတယ်။ အချိန်မှန် ထွက်တယ်၊ အချိန်မှန်ရောက်တယ်။ ပြီးတော့ ရန်ကုန်ရောက်ရင် ရန်ကုန်ဘူတာကြီးက မြို့လယ်အချက်အချာမှာရှိနေတော့ အလုပ်ကိစ္စအတွက် အဆင်ပြေပြေသွားလာရုံပဲ။ ဘူတာရှေ့မှာတင် YBS စီးလို့ရတယ်။ Taxi စီးချင်လည်း အဆင်ပြေတယ်။ ဒီလို အမြန်ရထားထွက်တာ ခရီးသည်တွေအတွက် တော်တော်အဆင်ပြေတယ်" ဟု ပျဉ်းမနားမြို့မှ ခရီးသည်တစ်ဦးက ပြောပြသည်။

ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိသည့် ခရီးသည်များ ရန်ကုန်မြို့တွင်း အဆင်ပြေ လွယ်ကူစွာ သွားလာနိုင်ရန် မြန်မာ့မီးရထားသည် YBS ယာဉ်လိုင်းနှင့် ချိတ်ဆက်ကာ ယာဉ်လိုင်းအမှတ် ၇၈၊ ၉၃၊ ၉၄၊ ၁၁၈ တို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့်ကုန်စည်များကို လုံခြုံချောမွေ့စွာဖြင့် သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် အဓိကရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိသည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲက ရထားပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံ၏ အဓိကမီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလိုမီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရန် ဆောင်ရွက်သွားနိုင်ရေးကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးစဉ် လမ်းညွှန်မှာကြားထားသည်။

ထို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် အချို့လမ်းပိုင်း အကွေ့နေရာများတွင် အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး၊ လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်ခြင်း၊ ဒီဇယ်လျှပ်စစ်သုံးစက်ခေါင်း (DEMU – Diesel Electric Multiple Unit)များ၊ ရထားတွဲများကို ပြည်တွင်း၌ တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့စေရေး အမြဲမပြတ် ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

*စာမျက်နှာ ၉ သို့*

❖ **မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည်များကို လုံခြုံချောမွေ့စွာဖြင့် သယ်ယူပို့ဆောင်ပေးရင်း နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန် အဓိကရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိ**

❍ **မြန်မာ့မီးရထား၏ အဆင့်မြှင့်တင်ထားသော ရထားပို့ဆောင်ရေးစနစ်နှင့်အတူ ရထားစီးပြည်သူများ အားလုံးကလည်း ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ အသုံးပြုပြေးဆွဲနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်**

## ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

**ညောင်လေးပင် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကျန်းမာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ကျန်းမာရေး ဝန်ထမ်းများသည် ယမန်နေ့က ညောင်လေးပင်မြို့နယ်အတွင်းရှိ ပြည်သူ့ဆေးရုံ၌ ရဟန်း၊ ရှင်၊ လူ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးကုသမှုများ ပြုလုပ်ရာသို့ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဇော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင် များ၊ ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေ ရောဂါကုဆေးရုံ အုပ်ကြီး ဒေါက်တာ ဇော်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မြို့နယ် ဆေးရုံနယ်မြေအတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများမှ ရဟန်း၊ ရှင်၊ လူပြည်သူ စုစုပေါင်း ၁၆၈၆ ဦး အား ဆေးကုသပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## သုံးခွမြို့နယ်၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

**သုံးခွ ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၉ ရက်က အထက (မြို့မ)ကျောင်း၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ယဉ်မင်းထွေးက ဆက်သွယ်ရေးလိမ်လည်မှုမှတစ်ဆင့် လူကုန်ကူးခံရမှုနှင့် ငွေကြေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ဆက်သွယ်ရေး လိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုနှစ်ခု ပြသသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊မြို့နယ်ဥပဒေအရာရှိ နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆု ရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇၃၄၀၄၀၇၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## ကမာရွတ်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃၁**

ကမာရွတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးအနေဖြင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ အပါအဝင် တည်ဆဲအခွန် ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကောင်းမြင့်သူက အမှာစကားပြောကြားပြီး မြို့နယ်အခွန် ဦးစီးဌာနမှူး ဦးမျိုးသော်က လုပ်ငန်းရှင်များအား အခွန်ကဏ္ဍရပ် အလိုက် သိကောင်းစရာများ၊ ပြေစာများပေါ်တွင် အခွန်အမှတ် တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်အခွန်ထမ်းစုစုပေါင်း ၉၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

*စာမျက်နှာ ၈ မှ*

ထို့ပြင် ရထားစီးခရီးသွားပြည်သူများအတွက် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေ ပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်သည့်အတွက် လျှပ်စစ်ရထားများ ပြေးဆွဲရေးစီမံကိန်းအကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းပိုင်းဆိုင်ရာ သုတေသနပြုလုပ်ငန်းများကို မြန်မာ့မီးရထားက စီမံဆောင်ရွက်လျက်ရှိသည်။

**"မြန်မာ့မီးရထားအနေနဲ့ ရထားစီးပြည်သူတွေကို အကောင်းဆုံး ခရီးသွားဝန်ဆောင်မှုတွေ ပေးချင်ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ ရထားတွေဖြစ်အောင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတွက် နိုင်ငံ့ဘဏ္ဍာငွေတွေ အများကြီး သုံးစွဲရပါတယ်။ ဒါကြောင့် DEMU လူစီးအမြန်ရထားတွေ အသုံးပြုတဲ့ ပြည်သူတွေအနေနဲ့ စနစ်တကျရှိဖို့၊ စည်းကမ်းရှိဖို့ လိုအပ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဌာနအနေနဲ့ အွန်လိုင်းကနေ ရထားစီးပြည်သူတွေ ရထားလက်မှတ်တွေ ဝယ်ယူနိုင်ဖို့ စီစဉ်လုပ်ဆောင်နေပါတယ်။ ဒါကတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်"** ဟု ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထားမှ မန်နေဂျာ (သွားလာရေး/တိုင်း) ဦးယဉ်မင်းဦးက ပြောသည်။

ယခုအခါ စပိန်နိုင်ငံမှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းများဖြင့် ရန်ကုန် - ပဲခူး - ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် နေပြည်တော်- ရန်ကုန် - နေပြည်တော် ခရီးစဉ်ကိုလည်းကောင်း မြန်မာ့မီးရထားက ပြေးဆွဲပေးလျက်ရှိသည်။



DEMU လူစီးအမြန်ရထားစက်ခေါင်းအတွင်း ကျွမ်းကျင်စက်ခေါင်းမီးရထားဝန်ထမ်းများ မောင်းနှင်နေမှုကို တွေ့ရစဉ်။

"နိုင်ငံတော်ကတော့ ပြည်သူတွေကို နိုင်ငံတကာအဆင့်မီ ရထားတွေ သုံးနိုင်အောင် ဆောင်ရွက်ပေးတယ်။ ပြည်သူတွေကလည်း ဒီလို အဆင့်မီမီ အသုံးပြုချင်ကြတယ်။ ဒါပေမယ့် တချို့ အသုံးပြုတဲ့သူတွေက လိုအပ်ချက်တွေရှိနေတယ်။ ရထားပေါ်မှာ အများမမြင်ဘူး၊ မသိဘူးအထင်နဲ့ လွယ်လွယ်ကူကူ အမှိုက်ပစ်တာ၊ ကွမ်းတံတွေး ထွေးတာမျိုးတွေ၊ အဲကွန်းစနစ်နဲ့ အေးအေးချမ်းချမ်း သေသေသပ်သပ် စီးရမှာကို ထိုင်ခုံတွေကို ခြေထောက်တင်၊ခြေထောက်နဲ့ ကန်ပြီး ပျက်စီးအောင် လုပ်တာမျိုး ရှိနေသေးတယ်။ ရထားတာဝန်ကျ ဝန်ထမ်းတွေကတော့ အသိပေး၊ သတိပေးပါတယ်။ ဒီလို တာဝန်ရှိတဲ့သူက သတိပေးမှ ဆင်ခြင်တာမျိုး မဟုတ်ဘဲ အသိနဲ့ သတိနဲ့ နိုင်ငံကြီးသား ပီသကြရမှာပါ"ဟု ရထားစီးပြည်သူတစ်ဦးက ပြောသည်။

လက်မှတ်နှုန်းထားအနေဖြင့် ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-ရန်ကုန် ခရီးစဉ်အတွက် DEMU ရထားတွင် ပထမတန်း ငွေကျပ် ၁၉၀၀၀၊ အထက်တန်းငွေကျပ် ၂၈၀၀၀ ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်-နေပြည်တော်ခရီးစဉ် လိုက်ပါပြီး နေပြည်တော်မှ တစ်ဆင့် မန္တလေးအထိ သွားရောက်လိုပါက မန္တလေး-နေပြည်တော် ခရီးစဉ်အမှတ် (၂၈) အစုန်နှင့် နေပြည်တော် - မန္တလေး ခရီးစဉ်အမှတ် (၂၇) အဆန် လူစီးရထားများကို လေအိတ်ရထားတွဲဆိုင်းဖြင့် ချိတ်ဆက်ပြေးဆွဲလျက်ရှိသည်။

အမှတ် (၂၇)အဆန် လေအိတ်ရထားသည် နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင် ထွက်ခွာပြီး မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်သည်။

ထို့အတူ အမှတ် (၂၈) အစုန် လေအိတ်ရထားသည် နံနက် ၆ နာရီတွင် မန္တလေးဘူတာမှ စတင် ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ကာ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ပုံမှန်ထွက်ရှိသည့် အမှတ် (၈) DEMU ရထားဖြင့် ရန်ကုန်သို့ ခရီးဆက်နိုင်မည်ဖြစ်သည်။

အဆိုပါ မန္တလေး - နေပြည်တော်၊ နေပြည်တော်- မန္တလေးခရီးစဉ်အတွက် လေအိတ်ရထားတွင် ရိုးရိုးတန်းငွေကျပ် ၇၀၀၀၊ အထက်တန်း ငွေကျပ် ၁၁၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်- မန္တလေးနှင့် မန္တလေး - ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း / ရိုးရိုးတန်း ငွေကျပ် ၂၆၀၀၀၊ အထက်တန်းငွေကျပ် ၃၉၀၀၀ ဖြစ်သည်။ ခရီးစဉ်အတွက် ရထားလက်မှတ်များကို မြန်မာ့မီးရထားက သုံးရက် ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

DEMU ရထားများသည် ပြည်သူများလိုလားသည့် အချိန်မှန်ထွက်၊ အချိန်မှန် ရောက်သော ရထားများဖြစ်သည်။ ထို့အတူ မြန်ဆန်သော၊ သန့်ရှင်းသော၊ လုံခြုံမှုရှိသော၊ စနစ်ကျသော၊ ခေတ်မီသော ရထားများလည်း ဖြစ်သည်။ ထို့ကြောင့် မြန်မာ့မီးရထား၏ အဆင့်မြှင့်တင်ထားသော ရထားပို့ဆောင်ရေးစနစ်နှင့်အတူ ရထားစီးပြည်သူများ အားလုံးကလည်း ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့ အသုံးပြုပြေးဆွဲနိုင်စေရေး အတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ။

* * *

# လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၁**

လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁)ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အတွင်းရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ် အပူသုံးဓာတ်အားပေး စက်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။




ဦးစွာ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ အလုံမြို့နယ်ရှိ Myanmar Ahlone Power Plant Co.,Ltd. နှင့် Toyo Thai Power Myanmar Co., Ltd.တို့မှ လည်ပတ်မောင်းနှင်လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက်၍ ရှင်းလင်းဆောင်တွင် သက်ဆိုင်ရာကုမ္ပဏီ တို့မှ တာဝန်ရှိသူများက ဓာတ်အားပေး စက်ရုံဆိုင်ရာ အချက်အလက်များ၊ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်ငွေ့ရရှိ သုံးစွဲမှု၊ ဓာတ်အားပေးစက်များ မောင်းနှင်၍နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက် ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ် ပို့လွှတ်ပေးနေမှုနှင့် ဓာတ်အားပေးစက် များ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများ၏ စက်တပ်ဆင် အင်အားသည် လျှပ်စစ်ထုတ်လုပ်ရေး ကဏ္ဍရှိ စုစုပေါင်းတပ်ဆင်အင်အား၏ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ရေအားလျှပ်စစ် ထုတ်လုပ်ရေးကဏ္ဍပြီးလျှင် ဒုတိယ မြောက် အများဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်မှ လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်ရေး အတွက် ဓာတ်အားထုတ်လုပ်မှု ပြတ်တောက်မှုမရှိစေရေး၊ သတ်မှတ် စက်စွမ်းရည်ပြည့် မောင်းနှင်နိုင်ရေးနှင့် ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင် လည်ပတ်ထုတ်လုပ်နိုင်ရန် အတွက် စက်များ ပြုပြင်ထိန်းသိမ်းရေးကို စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက် ကြစေလိုကြောင်း၊ စက်များ ချွတ်ယွင်းမှု ဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည့် စက်အရန်ပစ္စည်းများ ထားရှိဆောင်ရွက် စေလိုကြောင်း၊ လျှပ်စစ်ဓာတ်အားပမာဏ များစွာ အသုံးပြုသည့် စက်ရုံ၊ အလုပ်ရုံများ နှင့် စီးပွားရေးလုပ်ငန်းအများအပြား ရှိသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် လျှပ်စစ်ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွား ရန် မှာကြားသည်။

ယင်းနောက် Myanmar Ahlone Power Plant ၁၈၃ မဂ္ဂါဝပ်နှင့် Toyo Thai Power Myanmar ၁၂၁ မဂ္ဂါဝပ် စက်ရုံများ၏ Gas Turbine နှင့် Steam Turbine တို့မှ ဓာတ်အားထုတ်လုပ်လျက် ရှိသည့် အခြေအနေများနှင့် ဓာတ်အား ထုပ်လုပ်မှု ထိန်းညှိခန်း(Control Room) အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံ ဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်း များ ပေးအပ်သည်။

ထို့နောက် သာကေတမြို့နယ်ရှိ U Energy Thaketa Power Co.,Ltd.နှင့် MaxPower (Thaketa) Co.,Ltd. တို့မှ လည်ပတ်မောင်းနှင် လျက်ရှိသည့် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများသို့ ရောက်ရှိရာ ဓာတ်အားပေးစက်ရုံရှိ ရှင်းလင်းဆောင်၌ သက်ဆိုင်ရာ ကုမ္ပဏီများမှ တာဝန်ရှိသူ များက ဓာတ်အားပေးစက်ရုံအသီးသီး၏ လက်ရှိထုတ်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်ရှင်းလင်းတင်ပြရာ လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး အတွက် လိုအပ်သည့်သဘာဝဓာတ်ငွေ့ အပြည့်အဝရရှိရေး သက်ဆိုင်ရာဌာနများ က ပေါင်းစပ်ဆောင်ရွက်ကြရန်၊ သဘာဝ ဓာတ်ငွေ့သည် ဈေးနှုန်းကြီးမြင့်သော စွမ်းအင်အရင်းအမြစ် ဖြစ်သည့်အတွက် လေလွင့်မှုနည်းပါးစေရန် ဓာတ်အားပေး စက်များ စက်စွမ်းရည်ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် အလေးထား ဆောင်ရွက်ကြရန် မှာကြားပြီး စက်ရုံ ဝန်ထမ်းများကို အမှတ်တရသစ်သီးခြင်း များ ပေးအပ်သည်။

ဆက်လက်၍ U Energy Thaketa Power၏ Gas Turbine နှင့် Steam Turbine တို့မှ ၁၁၉ ဒသမ ၇၃ မဂ္ဂါဝပ် ထုတ်လုပ်သည့် စက်ရုံနှင့် MaxPower (Thaketa)၏ Gas Engine ၁၆ လုံးဖြင့် ၅၃ ဒသမ ၆ မဂ္ဂါဝပ်ထုတ်လုပ်သည့် စက်ရုံ များ၏ စက်ရုံတည်ဆောက်ထားရှိမှု၊ လက်ရှိထုတ်လုပ်လျက်ရှိသည့် အခြေ အနေများနှင့် ဓာတ်အားထုပ်လုပ်မှု ထိန်းညှိခန်း (Control Room) အတွင်း နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းတင်ပြပြီး လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌက လိုအပ် သည်များ မှာကြားသည်။

သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံ မြို့နယ်ရှိ Myanmar Ahlone Power Plant၊ Toyo Thai Power Myanmar နှင့် သာကေတမြို့နယ်ရှိ U Energy Thaketa Power Plant နှင့် MaxPower (Thaketa) စက်ရုံတို့သည် အမျိုးသား ဓာတ်အားကွန်ရက်ဖြင့် ချိတ်ဆက်၍ ရန်ကုန်မြို့အတွင်း လျှပ်စစ်ဓာတ်အား ၄၂၈ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေလျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းသဘာဝဓာတ်ငွေ့သုံးစွဲမှု အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၃၁**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း သဘာဝဓာတ်ငွေ့သုံးစွဲမှုအား အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေး မှူးချုပ်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ လုပ်ငန်း များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ အထွေထွေ မန်နေဂျာများ၊ စက်ရုံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်ရေးအတွက် စွမ်းအင်ကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင် ဖူလုံရေးအတွက် အဓိကတာဝန်ရှိသည့် စွမ်းအင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွက်လိုအပ်သော ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ် နိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေ သကဲ့သို့ ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့ကို ပြည်ပသို့ တင်ပို့ဖြန့်ဖြူးရောင်းချခြင်းအပြင် ပြည်တွင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး နှင့် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်း များ ဆောင်ရွက်နိုင်ရန် ဖြန့်ဖြူးပေးခြင်း၊ အများ ပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချော မွေ့စေရေးအတွက် ဖိအားမြှင့် သဘာဝဓာတ်ငွေ့ (Compressed Natural Gas–CNG) ဖြန့်ဖြူးပေးခြင်း တို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံ၌ လက်ရှိတွင် ပြည်တွင်းသုံး သဘာဝ ဓာတ်ငွေ့၏ ၈၅ ရာခိုင်နှုန်းကို လျှပ်စစ်ဓာတ်အား ကဏ္ဍနှင့် ၈ ရာခိုင်နှုန်းကို စက်မှု/ကုန် ထုတ်လုပ်မှု ကဏ္ဍတို့တွင် အသုံးပြုနေပြီး သယ်ယူပို့ဆောင်ရေး ကဏ္ဍ၌ ၇ ရာခိုင်နှုန်းခန့် သုံးစွဲလျက်ရှိပါကြောင်း၊ မော်တော်ယာဉ်များတွင် CNG သုံးစွဲခြင်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီများ သုံးစွဲခြင်းထက် ကုန်ကျ စရိတ်များစွာသက်သာပြီး ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသောကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ တွင် CNG သုံးစွဲမှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက် လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ ခရီးသွားလာရာတွင် ဈေးနှုန်းသက်သာစေရန် CNG ကို YBS ယာဉ်များနှင့် အငှားယာဉ်(Taxi) များအား ဦးစားပေး၍ အထူးသက်သာသော ဈေးနှုန်းဖြင့် စိုက်ထုတ်ရောင်းချပေးလျက်ရှိပါကြောင်း ပြောကြား သည်။

ထို့နောက် သာကေတကမ်းလွန်ရေနံ အခြေစိုက် စခန်း အထွေထွေမန်နေဂျာက ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက် ပေးနေမှုနှင့်ပစ္စည်းများထိန်းသိမ်းဖြန့်ဖြူးပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မော်တော်ယာဉ် သုံးသဘာဝဓာတ်ငွေ့ဌာန အထွေထွေမန်နေဂျာက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များအား ဖြန့်ဖြူးရောင်းချပေးနေမှု အခြေအနေများနှင့်ပြုပြင် ပြောင်းလဲဆောင်ရွက်သွားမည့် အစီအမံများ ကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(ထုတ်လုပ်ရေး) က သဘာဝဓာတ်ငွေ့များ လေလွင့်ဆုံးရှုံးမှုလျော့နည်း သက်သာစေရေး သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်း များမှ Metering စနစ်အသုံးပြု၍ ဖြန့်ဖြူးဆောင်ရွက် သွားမည့်အခြေအနေများကိုလည်းကောင်း၊ အသုံးချ သုတေသနဌာန(ထောက်ကြန့်)မှ သုတေသန အရာရှိ ချုပ်က ဓာတ်ခွဲခန်းများနှင့် စက်ပစ္စည်းများ အဆင့် မြှင့်တင်ရေးအစီအစဉ်များကိုလည်းကောင်း၊ အမှတ် (၂) နှင့်အမှတ်(၃)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း) စက်ရုံမှူးများက ရေနံဓာတ်ငွေ့ရည် (ပရိုပိန်း၊ ဗြူတိန်း)နှင့် နက်ဖ်သာထုတ်လုပ် ဖြန့်ဖြူးရောင်းချမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြ ပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံတွင် ကြိုးတံတားကြီးများ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းနည်းစနစ်များ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတား တည်ဆောက်ခြင်း စီမံကိန်းနှင့်စပ်လျဉ်း၍ သံမဏိကြိုးဆိုင်း(Cable Stayed)တံတားကြီးများ၏ တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း နည်းစနစ်များကို သွားရောက်လေ့လာရန် ဩဂုတ် ၂၅ ရက် ညနေပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး လေ့လာခြင်း အစီအစဉ်များ ပြီးဆုံးသဖြင့် ဩဂုတ် ၃၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိသည်။



**အပြန်အလှန်ဆွေးနွေး**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားကို တာဝန်ယူတည်ဆောက်နေသည့် ကုမ္ပဏီနှင့် တံတား၏ အရည်အသွေးစစ်ဆေး၍ တည်ဆောက်မှု အကြံပေးအင်ဂျင်နီယာအဖြစ် ဆောင်ရွက်နေသော ကုမ္ပဏီတို့ကို တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းများ ဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခြေအနေများ၊ အားနည်းချက် အားသာချက်များ၊ တံတားတည်ဆောက်ခြင်း ပြီးစီးပြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆက်လက်ဆောင်ရွက်သွားရမည့် ထိန်းသိမ်းခြင်း နည်းစနစ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

**မေးမြန်းဆွေးနွေး**

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံတစ်ဝန်းရှိ တံတားကြီးများကို စောင့်ကြည့်ထိန်းသိမ်းခြင်း ဆောင်ရွက်နေသည့် မုတ်ခ်ပို(Mokpo)မြို့ရှိ Korea Authority of Land & Infrastructure Safety(KALIS) ရုံးချုပ်အဆောက်အအုံသို့ သွားရောက်၍ တံတားများ အရွယ်အစားအလိုက် အမျိုးအစားသတ်မှတ်ခြင်း၊ Super Bridge အဖြစ် သတ်မှတ်ထားသော သံမဏိကြိုးဆိုင်း (Cable Stayed) တံတားကြီးများ၏ ရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ဆောင်ရွက်ရသည့် ထိန်းသိမ်းခြင်းနည်းစနစ်များ၊ နည်းပညာအကူအညီဖြင့် စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်း၊ အချက်အလက်များ ဖြန့်ဝေပေးခြင်းတို့ဖြင့် ထိန်းသိမ်းဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တံတားကြီးများ တည်ဆောက်ရေးလုပ်ငန်းခွင်များသို့ သွားရောက်၍ တည်ဆောက်စဉ်ကာလနှင့် တည်ဆောက်ပြီး ကာလတို့တွင် စောင့်ကြည့်ထိန်းသိမ်းမှု နည်းစနစ်များ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သံမဏိကြိုးဆိုင်း တံတားကြီးများတည်ဆောက်ခြင်းဆိုင်ရာ ဒီဇိုင်းနည်းပညာများတွင် စောင့်ကြည့်ထိန်းသိမ်းခြင်း နည်းပညာများကို တစ်ပါတည်း ထည့်သွင်းဆောင်ရွက်သည့် အခြေအနေများကို လေ့လာကြသည်။

**သိရှိလိုသည်များကိုမေးမြန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အန်ယန်း(Anyang)မြို့ရှိ Anyang Smart City Intregration Centre သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက အန်ယန်းမြို့ကို Smart City အဖြစ် ၁၀ စုနှစ် တစ်ခုအထိ အချိန်ယူ၍ တည်ဆောက်ခဲ့သည့် အခြေအနေ၊ တိုးတက်လာသည့် AI နည်းပညာအသုံးပြု၍ ခေတ်မီသော စမတ်မြို့တော်အဖြစ် ဆောင်ရွက်ထားသည့် အခြေအနေ၊ မြို့တွင်းရှိ လူမှုပတ်ဝန်းကျင် စောင့်ကြည့်ကင်မရာစနစ်များ အသုံးပြု၍ ဘေးကင်းလုံခြုံမှုနှင့် အခြားလိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

**လိုက်လံကြည့်ရှုလေ့လာ**

ထို့နောက် ဟန်မြစ်ကိုအခြေခံ၍ ဆိုးလ်မြို့ကို ခေတ်မီသော မြို့တစ်မြို့အဖြစ် အကောင်အထည်ဖော် တည်ဆောက်ထားသည့်အခြေအနေ၊ ကိုရီးယားနန်းတော်ဟောင်းကို ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိန်းသိမ်းဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ရှေးဟောင်းအဆောက်အအုံများ ခေတ်မီနည်းပညာများဖြင့် ရှေးမူမပျက် ပြင်ဆင်ထားရှိသည့်အခြေအနေတို့ကို လိုက်လံကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဝေးပြေးလမ်းမကြီးများနှင့် မြို့တွင်းလမ်းများတွင် ဒီဇိုင်းပြုလုပ် တည်ဆောက်ထားရှိသည့်အခြေအနေများ၊ လမ်းပခုံးနှင့် ပလက်ဖောင်းများ၊ လမ်းညွှန်းနှင့် လမ်းအမှတ်အသားများ ဆောင်ရွက်ထားသည့် အခြေအနေများကို လမ်းမကြီးများတစ်လျှောက် လေ့လာကြသည်။

ယင်းနောက် မြန်မာနိုင်ငံနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်စပ်လုပ်ကိုင်နေသော ကိုရီးယားကုမ္ပဏီများနှင့် တွေ့ဆုံ၍ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ လမ်း၊ တံတားနှင့် မြို့ပြဖွံ့ဖြိုးမှုကဏ္ဍတွင် တည်ဆောက်ရေး နည်းပညာဆိုင်ရာများ မျှဝေဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# (၈၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကို အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သိကောင်းစရာများခေါင်းစဉ်ဖြင့်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၁**

(၈၁)ကြိမ်မြောက် ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်သော ပညာရှင်များက "အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေဆိုင်ရာ သိကောင်းစရာများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။**(ယာပုံ)**

**ဆင့်ကဲဆင့်ကဲမျှဝေ**

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က အပင်မျိုးသစ်ကာကွယ်ရေး ဥပဒေသည် မျိုးမွေးမြူထုတ်လုပ်သူ တစ်ဦးချင်း၏ ကြိုးပမ်းအားထုတ်မှုကာယ၊ ဉာဏစွမ်းအားများကို အသိအမှတ်ပြု ကာကွယ်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ ဥပဒေ ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံအတွက်လည်း များစွာအကျိုးရှိမည်ဖြစ်သကဲ့သို့ တိုင်းရင်းဒေသမျိုးများကိုလည်း သက်ဆိုင်ရာ ဥပဒေ မူဘောင်များနှင့်အညီ ထိန်းသိမ်း ကာကွယ်ထားနိုင်မည်ဖြစ်၍ ယခုထက် ပို၍ နည်းလမ်းမျိုးစုံဖြင့် အကျိုးတူမျှဝေ (Benefit Sharing) အသုံးပြုသွားကြရန် လိုအပ်ကြောင်း၊ တောင်သူများ ပညာရှင်များ သိသင့်သော ဥပဒေအသိပညာများကို မျှဝေရန် ရည်ရွယ်ချက်ဖြင့် ယနေ့ဆွေးနွေးပွဲကို ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တောင်သူကြီးများအနေဖြင့် သိလိုသည်များကို မေးမြန်းကြရန်နှင့် ဆွေးနွေးပွဲမှ သိရှိလာသော အသိပညာများကို ဆင့်ကဲဆင့်ကဲ မျှဝေပေးရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဖြေကြားဆွေးနွေး**

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဌာနမှ ဒေါ်ခင်စန္ဒာချိုက "အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ ခေါင်းစဉ်ဖြင့်" ဆွေးနွေးပြီး အခမ်းအနား တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ဝိုင်းဝန်းဖြေကြား ဆွေးနွေးကာ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (သီးနှံ) ဒေါက်တာ ပပဝင်းက နိဂုံးချုပ်စကား ပြောကြားသည်။



(၈၁) ကြိမ်မြောက် ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့်သုတေသီများ၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နေပြည်တော် ကောင်စီနယ်မြေမှ တောင်သူများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ (ပြည့်ဝ၊ နွယ်မင်းလတ်၊ လင်းရတနာ၊ New Asia၊ ထိပ်အောဝမ်း၊ ပြည့်ဖြိုး၊ Golden sunland) မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပညာရှင်များနှင့် ရေနံချောင်း၊ တောင်တွင်းကြီး၊ မြိတ်၊ စလင်း၊ မြို့သစ်မြို့များမှ တောင်သူ ၂၅ ဦးတို့က zoon point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**




# ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် ဥပဒေရေးရာဝန်ကြီးဌာန(၄)နှစ်ပြည့်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပဲခူး ဩဂုတ် ၃၁**

ဥပဒေရေးရာဝန်ကြီးဌာန (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၉ ရက်က ကျင်းပသည်။**(ဝဲပုံ)**

ဦးစွာ ဥပဒေရေးရာဝန်ကြီးဌာန (၄) နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား အာရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှေ့တွင် ဥပဒေရေးရာဝန်ကြီးဌာန (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အခမ်းအနားကို ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး ဥပဒေရေးရာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း Video Clip ကို ပြသခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဥပဒေရုံးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသားသမီးများအား တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က ဆုငွေများ ချီးမြှင့်ထောက်ပံ့ပြီး အခမ်းအနားတက်ရောက်ကြသည့် အရာထမ်း၊ အမှုထမ်းများအား ထောက်ပံ့ငွေများနှင့် ကံစမ်းမဲဆုပစ္စည်းများ ပေးအပ်ခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

**"လူငယ်စွမ်းအား ပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီမြန်မာပြည်" ဆောင်ပုဒ်ဖြင့် ကျင်းပသည့် မြန်မာ့အနာဂတ် မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ဆက်လက်ကျင်းပသည်။**

ဦးစွာ တိုင်းရင်းသားလူငယ်များက ကချင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကျောင်းသား ကျောင်းသူများက "လန်းဆန်းနိုးထ ဉာဏ်စမ်းအစီအစဉ်" အဖြစ် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးဆိုင်ရာ Energizer Quiz များကို ပါဝင်ဖြေကြားကြသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံ (SUPDI) မှ တွဲဖက်ပါမောက္ခ Mr. Lorenzo Maria Pacini က **"ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ – ပထဝီစီးပွားရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ပထဝီစီးပွားရေးအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အချုပ်အာဏာပိုင်နိုင်ငံများအတွက် ပထဝီစီးပွားရေး၏ အရေးပါပုံနှင့် နိုင်ငံ့စီးပွားရေးအပေါ် သက်ရောက်မှုများ၊ ပထဝီစီးပွားရေးကို ရှုထောင့်ပေါင်းစုံမှ လေ့လာသုံးသပ်ကြည့်ခြင်း၊ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့ ဆက်နွယ်တည်ရှိနေမှု၊ အစိုးရများအနေဖြင့် ပထဝီစီးပွားရေးဆိုင်ရာ အကျိုးရလဒ်များအတွက် ကုန်သွယ်ရေးမူဝါဒများချမှတ်ဆောင်ရွက်ခြင်း၊ အချို့သောအခြေအနေတွင် နိုင်ငံရေးထက် စီးပွားရေးကဏ္ဍကို ဦးစားပေး အကောင်အထည်ဖော်ခြင်း၊ ဘေးကင်းလုံခြုံသော နိုင်ငံ့စီးပွားရေးစနစ်များ ဖော်ဆောင်ခြင်း၊ အကျိုးစီးပွားအတွက် နိုင်ငံရေးရာ Superpower များ တည်ဆောက်ခြင်းနှင့် Superpower များကို ဟန်ချက်ညီအောင် ထိန်းညှိခြင်း၊ အကျိုးတူမိတ်ဖက်နိုင်ငံများစုဖွဲ့ခြင်း၊ ကမ္ဘာ့စီးပွားရေးလမ်းကြောင်းပေါ်မှ ဒေါ်လာငွေကြေး ဈေးကွက်၊ အင်အားကြီး နိုင်ငံများအနေဖြင့် နိုင်ငံရေးအရ အားသာမှုကို အသုံးပြု၍ ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးထားနိုင်ရန် ကြိုးပမ်းမှုများ၊ အစိုးရများအနေဖြင့် ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးလမ်းပြမြေပုံများ ရေးဆွဲခြင်းနှင့် အနာဂတ် နိုင်ငံ့စီးပွားရေးအတွက် အစီအမံများ ကြိုတင်ချမှတ်ဆောင်ရွက်ခြင်း စသည့်အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက အာရှဒေသတွင် တွေ့မြင်လာနိုင်သည့် နိုင်ငံရေးသီအိုရီများ၊ နိုင်ငံတစ်နိုင်ငံ၌ စီးပွားရေးတည်ငြိမ်မှု ရှိစေရန်နှင့် ငွေကြေးစနစ်ခိုင်မာအားကောင်းစေရန် ထိန်းချုပ်ဆောင်ရွက်သင့်သည့်အချက်များ၊ တစ်ကမ္ဘာလုံးရင်ဆိုင်တွေ့ကြုံရနိုင်သည့် ပထဝီစီးပွားရေးစိန်ခေါ်မှု၊ Digital Currency နှင့် ပတ်သက်ပြီး စဉ်းစား ဆောင်ရွက်သင့်သည့်အချက်များ၊ ပထဝီစီးပွားရေးအရ တရုတ်နိုင်ငံ၏ ငွေကြေးဈေးကွက်အခြေအနေ၊ ငွေကြေးဖောင်းပွမှုကို Crypto currency က ဖြေရှင်းပေးနိုင်မည့်အလားအလာ၊ ပထဝီစီးပွားရေးအရ AI နှင့် Digital Currency တို့၏ ပံ့ပိုးပေးနိုင်မှု၊ ပြောင်းလဲလာသည့် ကမ္ဘာကြီးတွင် မြန်မာလူငယ်များအနေဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့် စိန်ခေါ်မှုများ၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်မူဝါဒနှင့် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေးဆိုင်ရာ မျှော်မှန်းချက် စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။



ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး၊ မြန်မာ-စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာတို့နှင့် စပ်လျဉ်း၍ Mr. Lorenzo Maria Pacini ဆွေးနွေးစဉ်။



ဗဟုဝင်ရိုးစီးပွားရေးအတွက် ဆန်းသစ်မှုနှင့် အရည်အချင်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပစဉ်။

ယင်းနောက် Mr. Lorenzo Maria Pacini က "မြန်မာ၊ စီးပွားရေးနှင့် ဗဟုဝင်ရိုးကမ္ဘာ"ခေါင်းစဉ်ဖြင့်ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း၌ ပထဝီစီးပွားရေးအရ မဟာဗျူဟာမြောက်တည်ရှိနေမှု၊ ကုန်သွယ်မှုလမ်းကြောင်းများနှင့် ဈေးကွက်အခြေအနေ၊ စီးပွားရေးရာမူဝါဒများနှင့် အခွန်စနစ်၊ အိမ်နီးချင်းနိုင်ငံများ၏ ပထဝီစီးပွားရေးအရ တည်ရှိနေမှုအပေါ် လေ့လာသုံးသပ်ခြင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရ လွတ်လပ်စွာရပ်တည်နိုင်မှုကို ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အားသာချက်နှင့် အကျိုးရလဒ်များရရှိစေရန် မဟာဗျူဟာများ ချမှတ်ဆောင်ရွက်ခြင်း၊ ငွေကြေးမူဝါဒနှင့် ဈေးကွက်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းခြင်း၊ မဟာမိတ်နိုင်ငံများနှင့် အကျိုးတူမူဝါဒများ ထားရှိခြင်း၊ နိုင်ငံရေး၊ စီးပွားရေးအရ အမြတ်ထုတ်မှုများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် လုံခြုံအေးချမ်းမှုရှိသော ဝန်းကျင်ကောင်း ဖန်တီးခြင်း စသည့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးသည်။

ဆွေးနွေးသုံးသပ်ချက်များနှင့် စပ်လျဉ်း၍ လူငယ်ကျောင်းသားကျောင်းသူများက တရုတ်နိုင်ငံ၏ စီးပွားရေးရာမူဝါဒများ၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ရရှိလာနိုင်မည့်အကျိုးရလဒ်များ၊ လုပ်ပိုင်ခွင့်အခွင့်အာဏာကို နိုင်ငံအခြေအနေနှင့် ကိုက်ညီစေရန်စီမံခန့်ခွဲခြင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့၏ စီးပွားရေးရာ မူဝါဒအရ မြန်မာနိုင်ငံအပေါ် သက်ရောက်လာနိုင်သည့်အခြေအနေ၊ မြန်မာနိုင်ငံနှင့် လိုက်လျောညီထွေရှိသည့် စီးပွားရေးရာမူဝါဒများ ချမှတ်ရာတွင် လိုအပ်ချက်များ စသည့် အကြောင်းအရာများကို မေးခွန်းများ မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြောင်းလဲနေသော ကမ္ဘာ့အစီအစဉ်တွင် မြန်မာနိုင်ငံ၏ ပထဝီစီးပွားရေး အခန်းကဏ္ဍအပေါ် လူငယ်များ အမြင်၊ လူငယ်များအတွက် ဒေသဆိုင်ရာချိတ်ဆက်မှုနှင့် ကုန်သွယ်မှုအခွင့်အလမ်းများ၊ ဗဟုဝင်ရိုးစီးပွားရေးအတွက် ဆန်းသစ်မှုနှင့် အရည်အချင်းများ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီစေခြင်း၊ စီးပွားရေးတွင် အားလုံးပါဝင်နိုင်ရေး လူငယ်အခြေပြု ဖြေရှင်းနည်းလမ်းများ စသည့် ခေါင်းစဉ်များကို အဖွဲ့များခွဲ၍ ဆွေးနွေးကြသည်။

ထို့နောက် အဖွဲ့များမှ လူငယ်ကိုယ်စားလှယ် တစ်ဦးစီက ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ချက်များကို ပြန်လည်စုစည်းတင်ပြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အဖွဲ့များကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးဇော်ဦးက အနှစ်ချုပ်သုံးသပ်တင်ပြပြီး တိုင်းရင်းသားလူငယ်များက ရခိုင်တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

သတင်းစဉ်

## ကြံ့ခင်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

ကြံ့ခင်း ဩဂုတ် ၃၁

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ကြံ့ခင်းမြို့နယ်အတွင်း ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများ၊ သင်ပြထူးချွန်ဆရာ ဆရာမများနှင့် ထူးချွန်အောင်မြင်အောင် စွမ်းဆောင်ပေးခဲ့ကြသော ကျောင်းများအား ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရှိ ရောဦးခန်းမ၌ ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပသည်။



အခမ်းအနားကို မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်ဟိန်းက အမှာစကား ပြောကြားပြီးနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဌေးဌေးတို့က ဂုဏ်ပြုချီးမြှင့်စကားများ ပြောကြားသည်။

ဆက်လက်၍ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း (MYDA) ဗဟိုအလုပ်အမှုဆောင်၊ တိုင်းဒေသကြီး တာဝန်ခံဦးအောင်ဆန်းဝင်းက ဂုဏ်ပြုချီးမြှင့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက မြို့နယ်ပညာရေးမှူး ဆရာမကြီးအား ဧရာဝတီတိုင်းဒေသကြီးတွင် တိုင်းအဆင့် ပထမဆုရရှိသည့် ဂုဏ်ပြုမှတ်တမ်းလွှာအား လွှဲပြောင်းပေးအပ်သည်။ (ဝဲပုံ)

ထို့နောက် ဆုပေးပွဲ အခမ်းအနားကိုကျင်းပရာ ဝိဇ္ဇာတွဲဘာသာရပ်တွင် နိုင်ငံတော်အဆင့် (၆) ရရှိသူအပါအဝင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများကို တစ်ဘာသာ ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)

## အင်းစိန်မြို့နယ်၌ အမြင်သစ်စာကြည့်တိုက်(ခွဲ)ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၃၁

အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ACE သဲကွင်း၌ ဖွင့်လှစ်ထားသည့် အမြင်သစ်စာကြည့်တိုက်(ခွဲ) အဆောက်အအုံသစ် ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဒုတိယဗိုလ်မှူးကြီး မြတ်စိုး၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင် ဦးဘိုကြည်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်၊ စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် အလှူရှင်များနှင့် သုတ၊ ရသစာအုပ် လှူဒါန်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

# ဒီဖိုရမ်ကနေတစ်ဆင့် လူငယ်တွေ သိရှိတဲ့အသိပညာတွေကို ဒီနေရာမှာတင်ရပ်တန့်မနေဘဲ လူငယ်တိုင်းဆီရောက်အောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ခံစားမိပါတယ်။ လူငယ်တွေရဲ့အားနဲ့ နိုင်ငံအတွက်လိုအပ်နေတဲ့ နေရာတွေမှာ ပါဝင်နိုင်ကြဖို့ လက်ဆင့်ကမ်းအသိပေးတဲ့ ဖိုရမ်တစ်ခုပါ

မခင်လပြည့်ဝန်း(မန္တလေးတိုင်းဒေသကြီး)

ယနေ့ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိပြီး ပြောင်းလဲမှုများသည် ကမ္ဘာ့နိုင်ငံတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်အပါအဝင် ကဏ္ဍအသီးသီးအပေါ် ရိုက်ခတ်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းသော ကမ္ဘာကြီးအဖြစ်သို့ ပြန်လည်တည့်မတ်ရောက်ရှိနိုင်ရန် နိုင်ငံတိုင်းက နည်းလမ်းရှာ ဆောင်ရွက်လျက်ရှိကြရာ အနာဂတ်ကိုပိုင်စိုးမည့် လူငယ်ထု၏ အခန်းကဏ္ဍ၊ လူငယ်တို့၏ စွမ်းပကားကို သတိမူမိလာကြပြီး လူငယ်များကို စနစ်တကျ ပျိုးထောင်၍ လူငယ်တို့၏အခန်းကဏ္ဍကို အလေးထားဖော်ဆောင်လာကြသည်။ မြန်မာနိုင်ငံသည်လည်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ လူငယ်တို့၏ အတွေးသစ်အမြင်သစ်၊ တီထွင်ဆန်းသစ်လိုစိတ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လှမ်းချီနိုင်ရန် လူငယ်ဖိုရမ်များကို ကျင်းပပေးလျက်ရှိသည်။ ယနေ့တွင် မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ ကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပလျက်ရှိရာ တက်ရောက်လာကြသော တာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ်များ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို စုစည်းဖော်ပြလိုက်ပါသည်–



မရွှေဇင်ပြည့်ဖြိုး



မောင်သန့်ဖြူစင်



မခင်လပြည့်ဝန်း



ကိုကောင်းမြတ်သူ




ဦးဌေးလင်း

**မရွှေဇင်ပြည့်ဖြိုး**
**(ရခိုင်ပြည်နယ်)**

ကျွန်မက အခုဖိုရမ်ကို ရခိုင်ပြည်နယ်ကိုယ်စားပြု တက်ရောက်တာဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ဖိုရမ်ဟာ တိုင်းရင်းသားတွေကြားမှာ ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ပေါ်စေပြီး စည်းလုံးညီညွတ်မှုကို ပိုမိုရရှိစေတယ်လို့ မြင်ပါတယ်။ ပြီးတော့ ဒီဖိုရမ်က နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးကျေးဇူးတွေ အများကြီးရရှိအောင် အထောက်အပံ့ဖြစ်စေတယ်လို့ ယုံကြည်ပါတယ်။ ကျွန်မတို့လူငယ်တွေဟာ ဖိုရမ်ကရရှိလာတဲ့ အတွေးအမြင်တွေ၊ အသိပညာတွေကိုလက်တွေ့အသုံးချပြီးတော့ ကိုယ့်ဒေသကောင်းကျိုး၊ ကိုယ့်နိုင်ငံ ကောင်းကျိုးကို ဖော်ဆောင်သွားနိုင်မယ်။ ဒီလိုမျိုး လူငယ်တစ်ဦးဖြစ်စေဖို့ အကောင်းဆုံး ကြိုးစားသွားပါ့မယ်။

**မောင်သန့်ဖြူစင်**
**(ရှမ်းပြည်နယ်)**

ဒီဖိုရမ်က ကျွန်တော်တို့လူငယ်တွေရဲ့ အခန်းကဏ္ဍကို တစ်ဆင့် မြှင့်တင်ပေးတယ်လို့ ထင်မြင်ပါတယ်။ ပြီးတော့ ပြည်ပပညာရှင်တွေက အသိပညာဗဟုသုတတွေ မျှဝေပေးပါတယ်။ မျှဝေပေးတဲ့ အသိပညာတွေက ကျွန်တော်တို့လူငယ်တွေ နိုင်ငံတကာနဲ့ရင်ပေါင်တန်းပြီး တွေးခေါ်မြော်မြင် လုပ်ဆောင်နိုင်အောင် အဓိကထားတာကိုတွေ့ရပါတယ်။ ဒီလို နိုင်ငံရဲ့အနာဂတ်မျိုးဆက်သစ်တွေဖြစ်တဲ့ ကျွန်တော်တို့လို လူငယ်တွေအတွက် အတွေးအမြင်သစ်တွေရရှိအောင် ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဖိုရမ်တက်ရောက်တဲ့အခါမှာ အစစအရာရာ အဆင်ပြေချောမွေ့အောင်၊ အခက်အခဲမရှိအောင် ဝိုင်းဝန်းစီမံပေးထားတဲ့အပေါ်မှာလည်း အင်မတန်ကျေးဇူးတင် ဝမ်းသာပီတိဖြစ်ရပါတယ်။

**မခင်လပြည့်ဝန်း**
**(မန္တလေးတိုင်းဒေသကြီး)**

ဖိုရမ်မှာ ဒေသအစုံက တိုင်းရင်းသား လူငယ်တွေကို တွေ့မြင်ရတော့ ရင်ထဲမှာ ငါတို့မြန်မာနိုင်ငံဟာ ချစ်စရာကောင်းတဲ့ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားပါလားလို့ အရင်ဆုံး ခံစားရပါတယ်။ ပြီးတော့ လူငယ်တွေ အတူတူလက်တွဲ ပူးပေါင်းဆွေးနွေးမှုကနေ ချစ်ကြည်ရင်းနှီးမှုရရှိစေပါတယ်။ အားလုံးက ဖိုရမ်ရောက်မှ တွေ့ဆုံကြတာဖြစ်ပေမယ့် ချစ်ခင်ကြင်နာကြတယ်။ ဖိုရမ်ရဲ့ဆွေးနွေးမှုတွေကနေ ကမ္ဘာမှာ ဖြစ်ပျက်နေတဲ့အကြောင်းအရာ၊ ပထဝီနိုင်ငံရေးနဲ့ ဇဟုဝင်ရိုးမှာ မြန်မာနိုင်ငံအနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်သွားရမယ်ဆိုတဲ့ အတွေးသစ်၊ အမြင်သစ်တွေကိုလည်း ရရှိစေပါတယ်။ ဒီဖိုရမ်ကနေတစ်ဆင့် လူငယ်တွေသိရှိတဲ့အသိပညာတွေကို ဒီနေရာမှာတင် ရပ်တန့်မနေဘဲ လူငယ်တိုင်းဆီရောက်အောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ခံစားမိပါတယ်။ လူငယ်တွေရဲ့အားနဲ့ နိုင်ငံအတွက် လိုအပ်နေတဲ့ နေရာတွေမှာ ပါဝင်နိုင်ကြဖို့ လက်ဆင့်ကမ်း အသိပေးတဲ့ ဖိုရမ်တစ်ခုပါ။

**ကိုကောင်းမြတ်သူ**
**(မွန်ပြည်နယ်)**

နိုင်ငံကို ငြိမ်းချမ်းဖို့၊ သာယာဖို့၊ တည်ငြိမ်ဖို့ ဖန်တီးနိုင်မယ့် အတွေးအမြင်တွေ ပါဝင်ဆွေးနွေးနိုင်ဖို့ တက်ရောက်ခြင်းဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်က လူငယ် ညီအစ်ကို မောင်နှမတွေနဲ့ တွေ့ဆုံခွင့်ရတယ်။ မတူကွဲပြားတဲ့အမြင်တွေကို ဖလှယ်ခွင့်၊ သိရှိနားလည်ခွင့်ရတယ်။ အနာဂတ်နိုင်ငံတော်ကို ပိုမိုကောင်းမွန်အောင် လက်တွဲလုပ်ဆောင်ဖို့ ဗဟုသုတတွေရရှိလာတယ်။ နိုင်ငံတော်အနေနဲ့ လူငယ်တွေကိုအားထားပြီး ဒီလိုဖိုရမ်တွေ ဆောင်ရွက်ပေးတဲ့အတွက် ကောင်းမွန်ပါတယ်။ လူငယ်တွေရဲ့ စွမ်းရည်နဲ့ အားကို အလေးအနက်ထားတယ်၊ လူငယ်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးတယ်လို့ နားလည်သဘောပေါက်မိပါတယ်။ ကျွန်တော်တို့ရဲ့ အတွေးအခေါ်တွေကို မြှင့်တင်ပေးတာဖြစ်ပြီး အနာဂတ်ကို ပိုမိုကောင်းမွန်အောင် ဒီလိုဖိုရမ်တွေက ပျိုးထောင်ပေးနိုင်ပါတယ်။ ဒီဖိုရမ်က ရရှိလာတဲ့ အတွေးအမြင်တွေနဲ့ ကောင်းမြတ်တဲ့ အနာဂတ်ကို ဖန်တီးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဌေးလင်း တွဲဖက်သဘာပတိ၊**
**မြန်မာ့အနာဂတ်မျက်နှာ**
**လူငယ်မဟာဗျူဟာဖိုရမ်–၂၀၂၅**

တက်ရောက်လာတဲ့ လူငယ်အဖွဲ့ကို အဖွဲ့ငါးဖွဲ့ခွဲပြီး တစ်ဖွဲ့စီမှာ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့က သဘာပတိတစ်ယောက်၊ တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီက တွဲဖက်သဘာပတိတစ်ယောက်ပါဝင်ပြီး လူငယ်တွေ လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်အောင် ဆောင်ရွက်ပေးတယ်။ ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ မတွေးမိတဲ့ ရှုထောင့်တွေ၊ သဘောတရားတွေကို လူငယ်တွေဆီက လေ့လာခွင့်ရတယ်။ ပြည်ပ ပညာရှင်တွေက ပထဝီနိုင်ငံရေး၊ စီးပွားရေး စတဲ့ အကြောင်းအရာတွေ ဟောပြော ဆွေးနွေးချက်ပေါ်မှာ မူတည်ပြီး လူငယ်တွေက သူတို့ရဲ့ မတူညီတဲ့ ဒေသအသီးသီးက အခြေအနေပေါ်မှာ ရှုမြင်ပေါင်းစပ်ပြီး ဘယ်လိုကုစားမလဲဆိုတဲ့ တွေးခေါ်နိုင်စွမ်းတွေ ရလာတယ်။ မြန်မာနိုင်ငံတစ်ဝန်းက လာရောက်ကြတာဖြစ်တဲ့အတွက် ဒီဖိုရမ်ကနေ မိတ်ဆွေတွေဖြစ်ပြီး ပေါင်းစည်းလုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းတွေရလာမယ်၊ မကြာခင်မှာ ရွေးကောက်ပွဲကျင်းပတော့မယ်၊ နိုင်ငံအတွက် အစိုးရသစ်တစ်ရပ် ထွက်ပေါ်လာမယ်၊ ဒီဖိုရမ်ကထွက်ပေါ်လာမယ့် နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အနှံ့က လူငယ်တွေရဲ့အတွေးအခေါ် အကြံဉာဏ်တွေက အထောက်အပံ့ဖြစ်စေမယ်လို့ ယုံကြည်ပါတယ်။

တွေ့ဆုံမေးမြန်း – သတင်းအဖွဲ့
ဓာတ်ပုံ – ကျော်သီဟ

## ဂျပန်နိုင်ငံသို့ သွားရောက်ပူးတွဲလေ့ကျင့်မည့် မြန်မာဂျူဒို အားကစားသမားများအား ထောက်ပံ့ငွေများပေးအပ်

ရန်ကုန် ဩဂုတ် ၃၁

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိတက္ကသိုလ်ဂျူဒိုကလပ်များနှင့် မြန်မာဂျူဒိုအားကစားသမားများ သွားရောက်ပူးတွဲလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမြန်မာဂျူဒိုအားကစားသမားများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ကျိုက္ကဆံ အားကစားကွင်းအတွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့က ပေးအပ်သည့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၇၀၀၀ ကို အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ရာ Joint Training သွားရောက်မည့် အားကစားသမားများက လက်ခံရယူသည်။

ယင်းနောက် ဂျပန်ခရီးစဉ်အတွင်း အားကစားသမားများအတွက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက ထောက်ပံ့ငွေအမေရိကန်ဒေါ်လာ ၁၂၈၀၀ တို့ကို ပေးအပ်သည်။

အဆိုပါ ပူးတွဲသွားရောက်လေ့ကျင့်မည့်ဂျူဒိုအားကစားအဖွဲ့တွင် အုပ်ချုပ်/နည်းပြ၊ ကစားသမား စုစုပေါင်း ခုနစ်ဦးတို့သည် တစ်လခန့် ပူးတွဲလေ့ကျင့်မည်ဖြစ်ကြောင်း သိရသည်။

အာကာစိုး

## ချမ်းအေးသာစံမြို့နယ်၌ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ချမ်းအေးသာစံ ဩဂုတ် ၃၁**

၂၀၂၅ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် အမှတ်( ၂၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားကျောင်းသူများ အသိပညာမြင့်မားစေရန်အတွက် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝါဝါကျော်က ဦးဆောင်ကျင်းပပြီး အထက်တန်းအဆင့်တွင် “ပြည်သူအားလုံး စာတတ်ဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် ကျောင်းသားကျောင်းသူ ၁၈ ဦး၊ အလယ်တန်းအဆင့်တွင် “စာအုပ်စာပေ လူ့မိတ်ဆွေ” ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၉ ဦး စုစုပေါင်း ကျောင်းသား ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

စာအုပ်စာပေ လူ့မိတ်ဆွေ၊ စာပေမြင့်မှ လူမျိုးတင့်မည်

# အမေရိကန်ရှိ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းများအတွက် ရန်ပုံငွေ ဒေါ်လာ ၆၇၉ သန်းကို ထရမ့်အစိုးရအဖွဲ့က ဖျက်သိမ်း

**ဝါရှင်တန် ဩဂုတ် ၃၁**

အမေရိကန်နိုင်ငံရှိ ကမ်းလွန်လေစွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများအတွက် ပြည်ထောင်စုရန်ပုံငွေ အမေရိကန်ဒေါ်လာ ၆၇၉ သန်းကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့က ဖျက်သိမ်းလိုက်သည်။

အမေရိကန်သယ်ယူပို့ဆောင်ရေး ဌာနသည် ဩဂုတ် ၂၉ ရက်က ပြည်နယ် ၁၁ ခုရှိ စီမံကိန်းများအတွက် ပြည်ထောင်စုရန်ပုံငွေကို ဖြတ်တောက်ပစ်ခဲ့သည်။ ရန်ပုံငွေဖြတ်တောက်လိုက်သည့်အထဲတွင် ကယ်လီဖိုးနီးယားရှိ ဒေါ်လာ ၄၃၅ သန်းတန် ရေပေါ်လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်း၊ မိုင်ယာလန်းရှိကမ်းလွန်လေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းအတွက် ဒေါ်လာ ၄၇ သန်းနှင့် နယူးယောက်ရှိ ကမ်းလွန်လေအားလျှပ်စစ်စီမံကိန်းအတွက် ဒေါ်လာ ၄၈ သန်းတို့ ပါဝင်သည်။

အမေရိကန်၏ ပင်လယ်ရေကြောင်းလုပ်ငန်းကို ပြန်လည်အသက်ဝင်အောင် လုပ်ဆောင်နေသည့် အရင်းအမြစ်များကို ဖြုန်းတီးသော လေစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများက သုံးစွဲနေသည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး ရှောင်ဒက်ဖီက ပြောသည်။

ဖျက်သိမ်းလိုက်သည့် ရန်ပုံငွေများကို ဖြစ်နိုင်ပါက နိုင်ငံအတွင်းရှိ ဆိပ်ကမ်းများနှင့် အခြားသော အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန် သုံးစွဲသွားမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

ဆင်ဟွာ



မန်ဆာ ချူးဆက် ပြည်နယ်ရှိ ဗိုင်းယာ့ဒ် ကမ်းလွန်လေ စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်းကို တွေ့ရစဉ်။

## မလေးရှားနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**ကွာလာလမ်ပူ ဩဂုတ် ၃၁**

မလေးရှားနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ပူထရာဂျာယာမြို့ အုပ်ချုပ်ရေးစင်တာ၌ ဩဂုတ် ၃၁ ရက်က ကျင်းပရာ မလေးရှားနိုင်ငံ ခေါင်းဆောင်များနှင့် ပြည်သူအများအပြား တက်ရောက်သည်။



မလေးရှားနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီးရှူးမီးပန်းများပစ်ဖောက်မှုကို ဓာတ်ပုံရိုက်ကူးနေကြသည့် မလေးရှားပြည်သူများ။

အဆိုပါ အခမ်းအနားသို့ မလေးရှား လူမှုအသိုင်းအဝိုင်း ပေါင်းစုံကို ကိုယ်စားပြုသည့် အုပ်စု ၈၁ စုဖြင့် လူပေါင်း ၁၄၀၀၀ ကျော် ပါဝင်ဆင်နွှဲကြကြောင်း မလေးရှားသတင်းဌာန ဘာနားက ဖော်ပြသည်။

စစ်ရေးပြ အခမ်းအနားကို မလေးရှားဘုရင် ဆူလ်တန် အီဗရာဟင်မ် ဆူလ်တန် အစ္စကန်ဒါ၊ ဝန်ကြီးချုပ် အန်ဝါ အီဗရာဟင်မ်နှင့် အစိုးရအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ပြီး မလေးရှားလေတပ် တိုက်လေယာဉ်များ၊ ရဟတ်ယာဉ်များက အုပ်စုဖွဲ့ပျံသန်း စစ်ရေးပြခဲ့ကြသည်။

ဆင်ဟွာ

## သီရိလင်္ကာ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကားအစီးရေ ၂၀၀၀ တင်သွင်းမည်

**ကိုလံဘို ဩဂုတ် ၃၁**

သီရိလင်္ကာအစိုးရသည် ကျေးလက်ဒေသများအတွက် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းအရာရှိများအတွက် ဆက်သွယ်သွားလာမှုလွယ်ကူစေရန် ၂၀၂၆ ခုနှစ် ပထမသုံးလပတ်တွင် ပစ်ကပ်ထရပ်ကား အစီးရေ ၂၀၀၀ တင်သွင်းမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ဩဂုတ် ၃၁ ရက်တွင် ပြောကြားသည်။

လတ်တလောကာလအတွင်း အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းများစွာကို စတင်လုပ်ဆောင်ခဲ့ပြီး တာဝန်ရှိသူများ ကျေးလက်ဒေသများသို့ မကြာခဏ ကွင်းဆင်းစစ်ဆေးရမည်ဖြစ်ရာ ဆက်သွယ်သွားလာရေးလွယ်ကူစေရန်အတွက် ပြည်နယ်အဖွဲ့အစည်းများတွင် မော်တော်ယာဉ်များ လုံလောက်မှုမရှိကြောင်း ပြည်နယ်ကောင်စီနှင့် ဒေသန္တရအစိုးရအဖွဲ့ ဒုတိယဝန်ကြီး ရူဝမ်ဆီနာရတ်သ်က ပြောကြားသည်။

ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သော အခြားယာဉ်များ၊ စက်ကိရိယာများနှင့် ဆက်စပ်ပစ္စည်းများကို အစိုးရက တင်သွင်းမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးက ထပ်လောင်းပြောကြားသည်။

ဆင်ဟွာ

## ဖီဂျီနိုင်ငံ၌ အိတ်ချ်အိုင်ဗွီရောဂါစမ်းသပ်စစ်ဆေးရေး ကိရိယာပြတ်လပ်မှုနှင့် ကြုံတွေ့နေ

**ဆူဗာ ဩဂုတ် ၃၁**

အိတ်ချ်အိုင်ဗွီရောဂါဖြစ်ပွားမှု မြင့်တက်လာမှုနှင့် ရင်ဆိုင်နေရသော ဖီဂျီနိုင်ငံသည် ဗိုင်းရပ်စ်ပမာဏတိုင်းတာရန်နှင့် ကလေးသူငယ်များတွင် ရောဂါရှာဖွေစစ်ဆေးရန် လိုအပ်သည့် စမ်းသပ်စစ်ဆေးရေး ကိရိယာများ ပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

လက်ထောက်ကျန်းမာရေးဝန်ကြီး ပင်နီအိုနီ ရာဗူနာဝါက ဖီဂျီနိုင်ငံအနေဖြင့် စမ်းသပ်စစ်ဆေးမှုပြုလုပ်သည့်အချိန်တွင် မဟာဗျူဟာကျရန် လိုအပ်သည်ဟု ဩဂုတ် ၃၁ ရက် ဖီဂျီတိုင်းစ်သတင်းစာတွင် ပြောကြားထားသည်။ ထို့ပြင် စမ်းသပ်စစ်ဆေးရေးကိရိယာများ ပြတ်လပ်မှုကြောင့် ပုံမှန်စောင့်ကြည့်စစ်ဆေးမှုများသာမက မွေးကင်းစကလေးငယ်များတွင် ဆောလျင်စွာ ရောဂါရှာဖွေစစ်ဆေးမှုများကိုပါ ထိခိုက်စေကြောင်း ၎င်းက ဆက်ပြောသည်။

ဖီဂျီကျန်းမာရေးဝန်ကြီးဌာနသည် အိတ်ချ်အိုင်ဗွီရောဂါ စမ်းသပ်စစ်ဆေးရေးကိရိယာပြတ်လပ်မှုပြဿနာရပ်များကို ဖြေရှင်းဆောင်ရွက်ရန် မိတ်ဖက်များ၊ ထောက်ပံ့ပေးသူများနှင့် အားသွန်ခွန်စိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဖိအားများတိုးလာနေသည့်ကြားမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီး၍ ပြန်ပို့မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ပြော

**လန်ဒန် ဩဂုတ် ၃၁**

ဗြိတိန်အစိုးရသည် ရေလက်ကြားဖြတ်ကျော်မှုနှင့် ခိုလှုံခွင့်တောင်းခံသူများကိုထားရှိသည့် ဟိုတယ်များနှင့်ပတ်သက်၍ ဖြေရှင်းရာတွင် ဖိအားများ တိုးလာနေသည့်ကြားမှပင် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီး၍ ပြန်လည်ပို့ဆောင်မည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမားက ဩဂုတ် ၃၀ ရက်တွင် ကတိပြုပြောကြားသည်။

တရားမဝင် ခိုးဝင်နေထိုင်မှုကို အသိအမှတ်ပြုမည်မဟုတ်ကြောင်း၊ အကယ်၍ ရေလက်ကြားကို တရားမဝင် ဖြတ်ကျော်လာပါက ဖမ်းဆီးထိန်းသိမ်းခံရကာ ပြန်လည် ပို့ဆောင်ခံရမည်ဟု



ဗြိတိန်ဝန်ကြီးချုပ် ကီရာစတာမား။

ကီရာစတာမားက ၎င်း၏လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။

ခိုလှုံခွင့်တောင်းခံသူများ ခိုလှုံနေထိုင်နေကြသည့် ဟိုတယ်များရှိရာ နေရာများအပါအဝင် လန်ဒန်မြို့တစ်လွှားတွင် ဩဂုတ် ၃၀ ရက်က ဆန္ဒပြမှုအချို့ပေါ်ပေါက်လာပြီးနောက် ဗြိတိန်ဝန်ကြီးချုပ်က ယခုလို မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။

ဟိုတယ်များတွင် ခိုလှုံနေထိုင်နေကြသည့် ခိုလှုံခွင့်တောင်းခံသူဦးရေမှာ ယခုနှစ်ဇွန်လအတွင်း ၃၂၀၀၀ ကျော်အထိ တိုးလာခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနရုံး၏အချက်အလက်များအရ သိရသည်။

အစိုးရက လာမည့်အထွေထွေရွေးကောက်ပွဲမတိုင်မီ ခိုလှုံခွင့်တောင်းခံသူများကို ထားရှိသည့် ဟိုတယ်များကို ပိတ်ပစ်မည်ဟု ကတိပြုထားသည်။

ဆင်ဟွာ

## အာဖဂန်နစ္စတန်နိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ၁၆၀ ဆောက်လုပ်ပြီးစီး

**ကဘူးလ် ဩဂုတ် ၃၁**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် စိုက်ပျိုးရေးနှင့် ကျေးလက်အခြေခံအဆောက်အအုံများကို အားဖြည့်ပေးမည့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ၁၆၀ ခု ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း ကျေးလက်ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောသည်။

အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၆ သန်းခန့် တန်ဖိုးရှိသောအဆိုပါ စီမံကိန်းများကို ကန်ဒါဟာပြည်နယ် မိုင်ဝမ်ခရိုင် ဆင်ခြေဖုံးဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းများတွင် တူးမြောင်းများ၊ ရေကာတာများ၊ ရေမြောင်းများနှင့် လမ်းများ ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

# ချစ်ခြင်းကို မခွဲပါနဲ့

သဲဟန်(ဘန်ကောက်)


**ချစ်ခြင်း၊ မုန်းခြင်း လွန်ဆွဲပွဲမှာ နှလုံးသား ဝံပုလွေအဖြူနဲ့ ဝံပုလွေအမည်း အားပြိုင်တဲ့အခါ ဘယ်သူက နိုင်နေတာလဲ။ ခန္ဓာကိုယ်အတွင်း အဖြူရောင်အသင်းနဲ့ အမည်းရောင်အသင်း တစ်ကိုယ်တော်ကန်ရတဲ့ ဘောလုံးပွဲကို ယောဆရာတော်ဘုရားကြီးက "ခန္ဓာကိုယ်တွင်း ချန်ပီယံဗိုလ်လုပွဲ" လို့ တင်စားပါတယ်။**

ဟိုမှာလည်း ရန်ပွဲ၊ ဒီမှာလည်း ရန်ပွဲ၊ ဟိုမှာလည်း စစ်ပွဲ၊ ဒီမှာလည်း စစ်ပွဲ။ လူတွေဟာ ထစ်ခနဲဆို သွေးဆူ၊ စိတ်ဆတ်၊ အထိမခံ ရှေပန်းကန်၊ ဒေါသမထိန်းနိုင်ဘဲ တုတ်ဆွဲ၊ ဓားဆွဲနဲ့ ဘယ်နေရာပဲကြည့်လိုက်၊ ကြည့်လိုက် စိတ်မချမ်းသာစရာ။ ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းကြီး ဖြစ်နေပါပကောလား။

ဖြတ်သန်းခဲ့တဲ့ ရက်၊ လ၊ နှစ်တွေ ပြန်ကြည့်လိုက်ရင် ရန်ပွဲ၊ စစ်ပွဲ၊ တိုက်ပွဲတွေ မနည်းလှဘူး။ နယ်မြေလုတဲ့ စစ်ပွဲ၊ နယ်ချဲ့စစ်ပွဲ၊ အယူအဆမတူတဲ့ နိုင်ငံရေးစနစ်ချင်းတိုက်တဲ့ စစ်ပွဲ၊ ကွန်မြူနစ်နဲ့ အရင်းရှင်၊ ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်ဒီမိုကရေစီနဲ့ အာဏာရှင်စစ်ပွဲ၊ အရှေ့နဲ့ အနောက်ကုန်သွယ်ရေးစစ်ပွဲ၊ ဘာသာရေးစစ်ပွဲ၊ ဘိန်းစစ်ပွဲ၊ လူမျိုးရေးစစ်ပွဲ၊ လက်ဝဲလက်ယာ တိုက်ပွဲ၊ ပြန်ကြည့်လိုက်ရင် အရင်းစစ်တော့ တစ်ကိုယ်ကောင်းဆန်မှု၊ အတ္တကြီးမှု၊ လောဘ၊ ဒေါသ၊ မောဟကြီးမှု၊ ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်အကြောက်မရှိ၊ ရက်စက်ကြမ်းကြုတ်မှုတွေကနေ မြစ်ဖျားခံလာခဲ့ကြတာပါပဲ။

အခါတစ်ပါးမှာ မြတ်စွာဘုရားက သိကြားမင်းကို မေးလျှောက်လိုတဲ့ ပြဿနာတွေရှိပါက လျှောက်ထားဖို့ သင့်ယုံမှားသံသယကို ဖြေရှင်းပေးအံ့လို့ မိန့်တော်မူပါတယ်။ ဒီတော့ သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထားပါတယ်။ "အရှင်ဘုရား ရန်ငြိုးကင်းလျက်၊ ဒဏ်ကင်းကုန်လျက်၊ ရန်သူကင်းကုန်လျက်၊ အမျက်ဒေါသထွက်ခြင်း ကင်းကုန်လျက်နေကြရပါစေလို့ နတ်လူသတ္တဝါအများတို့ တောင့်တကြပါသော်လည်း ထိုထိုသတ္တဝါတို့သည် ရန်ငြိုးရှိကုန်လျက်၊ ဒဏ်ရှိကုန်လျက်၊ ရန်သူရှိကုန်လျက်၊ စိတ်ဆင်းရဲခြင်းရှိကုန်လျက်၊ အမျက်ရန်ရှိကုန်လျက် နေကြရပါကုန်၏။ ဤသို့နေရခြင်းသည် အဘယ်အနှောင်အဖွဲ့ကြောင့်ပါနည်း" ဟု နတ်တို့၏ အရှင်သိကြားမင်းက မြတ်စွာဘုရားကို မေးလျှောက်ပါတယ်။

ဤသို့ဖြစ်ရခြင်းက **"ဣဿာ၊ မစ္ဆရိယ သံယောဇဉ်ကြောင့်ဖြစ်၏"** လို့ ဘုရားရှင်က ဖြေတော်မူပါတယ်။




ဆိုလိုတာက ဒီကနေ့ ရန်ငြိုးရန်စတွေ၊ ရန်ပွဲတွေ၊ စစ်ပွဲတွေ၊ နယ်မြေလုပွဲ၊ သယံဇာတလုပွဲ၊ စစ်ရေးလက်နက်ဗျူဟာအားပြိုင်ပွဲ၊ အုပ်စုဖွဲ့ဗိုလ်ကျ၊ အနိုင်ကျင့်၊ နိုင်ငံရေးမတူမှု၊ အယူအဆမတူမှု စစ်ပွဲတွေရဲ့ အကြောင်းရင်းမည်ပါသတဲ့။

ဣဿာဆိုတာ ကိုယ့်မှာမရှိ၊ သူများမှာရှိတာကို လိုချင်တာ။ ပစ္စည်းမဲ့ဒေါသတဲ့။ သူများမှာရှိတဲ့ ဘုန်းကံ၊ စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေ ငွေ၊ တိုက်တာ၊ ယာဉ်၊ ရာထူး၊ အာဏာကို မနာလို မရှုဆိတ်၊ လိုချင်တာ၊ ကိုယ့်မှာရှိချင်တာ။ မစ္ဆရိယဆိုတာကတော့ ကိုယ့်မှာရှိတဲ့ပိုင်ဆိုင်မှု သူများကို မပေးချင်တာ၊ ကိုယ့်ရဲ့ရာထူး၊ စည်းစိမ်၊ အာဏာ၊ အခြေအရံတွေ၊ ကိုယ့်မှာရှိသလို သူများမှာရှိသွားမှာ စိုးရိမ်၊ မလိုလား မရှုဆိတ်တာ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ပွဲဆိုတာလည်းပဲ ကိုယ့်ရှိတဲ့ စစ်အင်အားလက်နက်၊ နည်းပညာ ဆန်းပြားမှုကို သူ့နိုင်ငံမှာရှိသွားမှာ စိုးရိမ်တာ။ ဒီဣဿာ၊ မစ္ဆရိယကိုအခြေခံပြီး အုပ်စုဖွဲ့တာ၊ လူမွေးတာ၊ ရန်ငြိုးဖွဲ့တာ၊ ရန်တိုက်တာ၊ ကုန်းချောတာ၊ အထင်လွဲအောင် ကြားက ကုလားဖန်ထိုးတဲ့ ဝစီ **ဒုစရိုက်၊ ကာယဒုစရိုက်၊ မနောဒုစရိုက်တွေကနေ လွန်ကျူးလာတဲ့ စစ်မီးတောက်တွေပါပဲ။**

> **❒ ဣဿာဆိုတာ ကိုယ့်မှာမရှိ၊ သူများမှာရှိတာကို လိုချင်တာ။ ပစ္စည်းမဲ့ဒေါသတဲ့။ သူများမှာရှိတဲ့ ဘုန်းကံ၊ စည်းစိမ်ဥစ္စာ၊ ရတနာ၊ ရွှေ ငွေ၊ တိုက်တာ၊ ယာဉ်၊ ရာထူး၊ အာဏာကို မနာလို မရှုဆိတ်၊ လိုချင်တာ၊ ကိုယ့်မှာရှိချင်တာ။ မစ္ဆရိယဆိုတာကတော့ ကိုယ့်မှာရှိတဲ့ ပိုင်ဆိုင်မှု သူများကို မပေးချင်တာ၊ ကိုယ့်ရဲ့ရာထူး၊ စည်းစိမ်၊ အာဏာ၊ အခြေအရံတွေ၊ ကိုယ့်မှာရှိသလို သူများမှာရှိသွားမှာ စိုးရိမ်၊ မလိုလား မရှုဆိတ်တာ။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ပွဲဆိုတာလည်းပဲ ကိုယ့်ရှိတဲ့ စစ်အင်အား လက်နက်၊ နည်းပညာ ဆန်းပြားမှုကို သူ့နိုင်ငံမှာရှိသွားမှာ စိုးရိမ်တာ။ ဒီဣဿာ၊ မစ္ဆရိယကို အခြေခံပြီး အုပ်စုဖွဲ့တာ၊ လူမွေးတာ၊ ရန်ငြိုးဖွဲ့တာ၊ ရန်တိုက်တာ၊ ကုန်းချောတာ၊ အထင်လွဲအောင် ကြားက ကုလားဖန်ထိုးတဲ့ ဝစီဒုစရိုက်၊ ကာယဒုစရိုက်၊ မနောဒုစရိုက်တွေကနေ လွန်ကျူးလာတဲ့ စစ်မီးတောက်တွေပါပဲ**

လူတစ်ယောက်နဲ့တစ်ယောက် မနာလိုလို့၊ အထင်လွဲအောင် ခြေထိုးတာ၊ ကုန်းတိုက်တာ၊ အဆင်းတွန်းတာ၊ ချစ်ခြင်းကို ခွဲတာဟာ နေရာတိုင်းမှာ မရှိဘူးမထင်လိုက်ပါနဲ့။ ရုံးဌာနတွေမှာ အထက်ကိုဖား၊ အောက်ကိုဖိ၊ တန်းတူကို ခြေထိုးလိုက်၊ မေးထိုးလိုက်၊ ဆီမီးခွက်က ကဗျာလွတ်ကနေကြတာမှ ဒုနဲ့ဒေး။ လူကြီးဆီက အမှတ်ရအောင်ကြံစည်၊ အရောင်ဆိုးတာ၊ မျက်နှာဖုံးစွပ်ထားတာတွေ၊ ဌာနတိုင်း၊ ရာထူးအဆင့်တိုင်း၊ ယုတ်စွအဆုံး သာသနာ့နွယ်ဝင်တွေထဲမှာတောင် တွေ့နေရတာ ရင်နာမဆုံးပါဘူး။

## ကုသိုလ်နဲ့ ကိလေသာစစ်ပွဲ

သူများကို ဘဝပျက်အောင် နင်းချေတက်ပြီးမှ ကိုယ့်နေရာရအောင်ယူကြတာ အတော်ဆိုးဆိုးရွားရွားပါပဲ။ ကုသိုလ်နဲ့ ကိလေသာစစ်ပွဲ၊ ခန္ဓာတွင်း၊ ဦးနှောက်တွင်းက ဝံပုလွေအဖြူနဲ့အမည်း စစ်ပွဲ၊ နှလုံးသားအဖြူအသင်းနဲ့ အမည်းအသင်း ဘောလုံးပွဲမှာ သူသေ၊ ကိုယ်သေ လူချနေကြ၊ ကန်ကျောက်နေကြတာလေ။ နှလုံးသားအဖြူ၊ အမည်း တိုက်ပွဲဟာ ဦးနှောက်အစိတ်အပိုင်းတွေနဲ့ ချိတ်ဆက်နေပါတယ်။ ဣဿာ၊ မစ္ဆရိယ မနာလိုမှုကနေ မြစ်ဖျားခံလာခဲ့တဲ့ ဒေါသမီး၊ ဒီမီးကို တချို့ကစိတ်ထဲမှာ ဝှက်ဖဲလို သိမ်းထားလေ့ရှိပြီး အငုံ့စိတ်ကနေ ဖွဲမီးလိုတငွေ့ငွေ့လောင်ကျွမ်းပြီး တစ်ဖက်သားကို မလိုတမာစိတ်နဲ့ ချောက်ချအကောက်ကြံတဲ့ ဖွဲမီးလိုဒေါသကတစ်မျိုး၊ ဒီဣဿာ၊ မစ္ဆရိယကနေစတဲ့ ဖွဲမီးကနေ မီးလောင်လေပင့် မထိန်းသိမ်းနိုင်တော့ဘဲ ပေါက်ကွဲလောင်ကျွမ်း၊ ထိန်းမနိုင်သိမ်းမရတဲ့ ဒေါသမီးကနောက်တစ်မျိုးပေါ့။

## ကြိုတင်သတိပေးနှိုးဆော်မှု ပြလေ့ရှိ

လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ချားလ်စ်ဝစ်မန်ဆိုတဲ့ လူတစ်ယောက် အမေရိကန်နိုင်ငံ တက္ကဆပ်တက္ကသိုလ်ရဲ့ မျှော်စင်အမြင့်ကြီးပေါ်ကနေ လူများစွာကို သတ်ဖြတ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်လည်းပဲ အဆုံးစီရင်သွားပါတယ်။ ပညာရှင်တစ်စုနဲ့ မှုခင်းဆရာဝန်တွေက သူ့ရုပ်အလောင်းကို ခွဲစိတ်စစ်ဆေးကြည့်ရာမှာတော့ ကင်ဆာကျူမာဟာ ဦးနှောက်ဝံပုလွေအမည်းဆိုတဲ့ Amygdala ပေါ်မှာ ဖိနေတာကို တွေ့ကြရပါသတဲ့။ တကယ်တော့ အပျက်သဘောဆောင်တဲ့စိတ်ခံစားချက် Destructive Emotion ဟာ ဦးနှောက်ရဲ့ Frontal Lobe ရယ်၊ Amygdala နဲ့ ဆက်နွှယ်လျက်ရှိပြီး ပုံမှန်အားဖြင့် ကြိုတင်သတိပေးနှိုးဆော်မှု ပြလေ့ရှိပါတယ်။

## ဆေးကုသထုံးကို သုတေသနပြု ရှာဖွေဖော်ထုတ်ခဲ့

ဒီလို မထိန်းနိုင်မသိမ်းနိုင်လောက်အောင် ပေါက်ကွဲပြင်းထန်တဲ့ ဒေါသမီးဟာ ဝံပုလွေအမည်းမှာ ကြိုတင်အချက်ပြလို့ မရနိုင်လောက်အောင်ဘဲ Amygdala အရွယ်အစားကျုံ့ပြီး ပျက်စီးနေတဲ့ပုံပေါ်ပါတယ်။ ဦးနှောက်ဝံပုလွေအမည်း Amygdala ဟာ ဒီလိုအကြမ်းဖက်တိုက်ခိုက်မှု ဆင်ခြင်စဉ်းစားတွေးတောနိုင်ခြင်း ကင်းမဲ့နေမှုနဲ့ ဆက်နွှယ်ပတ်သက်နေတယ်လို့ ဦးနှောက်ပညာရှင်တွေက ယူဆကြပါတယ်။ ဒီလို စိတ်ဆိုး၊ စိတ်ကျ၊ စိတ်ခံစားမှု ထိန်းချုပ်မှုနဲ့ပတ်သက်ပြီး စိတ်ရောဂါပညာရှင် PAUL GILBERT က စိတ်ထိန်းချုပ်မှုဆိုင်ရာ ဦးနှောက်ရဲ့စနစ်သုံးခုနဲ့ CFT လို့ အတိုကောက်ခေါ်တဲ့ Compassionate Focused Therapy ဆိုတဲ့ ကရုဏာပွားပြီး ဆေးကုသထုံးကို သုတေသနပြု ရှာဖွေဖော်ထုတ်ခဲ့ပါတယ်။

ဒီစနစ်သုံးခုကတော့ –

၁။ Threat System .

၂။ Drive System .

၃။ Soothing System . ရယ်လို့ ဦးနှောက်အစိတ်အပိုင်းတွေမှာ သတိပေးနှိုးဆော်ထိန်းချုပ်နိုင်စွမ်းကို သုတေသနပြု ရှင်းပြထားပါတယ်။

Threat System ဆိုတာကတော့ ခြိမ်းခြောက်မှုတွေ၊ ကြောက်စရာ၊ ထိတ်လန့်စရာတွေ၊ စိတ်ပူပင်စရာတွေ၊ စိတ်ဆိုး၊ ဒေါသထွက်နိုင်စရာ၊ မုန်းတီးမှုတွေ၊ မုန်းစွဲတွေနဲ့ပတ်သက်နေပါတယ်။ ဒီတစ်မျိုးမျိုးကြုံတော့မယ်ဆိုရင် သူကအချက်ပြ သတိပေးပါတယ်။ ဒီအခါမှာ Fight၊ Flight၊ Freeze တစ်ခုခု ဖြစ်နိုင်ပါတယ်။ ကြုံလာတဲ့အန္တရာယ်ကို ငြိမ်ခံမနေဘဲ ပြန်ခုခံတိုက်ခိုက်တာက Fight၊ မနိုင်ဘူးထင်ရင် မတိုက်ဘဲ ထွက်ပြေးတာ Flight၊ နောက်ဆုံး Freeze ဆိုတာက ပြန်လည်းမခုခံ၊ ထွက်လည်း မပြေးနိုင်၊ ဘာမှပြန်မလုပ်နိုင်ဘဲ အေးခဲတောင့်တင်းသွားတဲ့အနေအထားကို ဆိုလိုတာပါ။ ခုနက တက္ကဆပ်တက္ကသိုလ်မှာ ဝင်သတ်သွားတဲ့သူက ဒီစနစ်တွေ ဦးနှောက်ချို့ယွင်းနေပုံ ပေါ်ပါတယ်။

Drive System ဆိုတာကတော့ လိုချင်တာ၊ ရချင်တာကို ရအောင်ယူဖို့၊ ပိုင်ဆိုင်ဖို့ လှုံ့ဆော်တိုက်တွန်းတဲ့စနစ်ဖြစ်ပါတယ်။ ရာထူးလိုချင်တယ်။ ခြောက်ဘာသာဂုဏ်ထူးထွက်ချင်တယ်၊ သန်းကြွယ်သူဌေးဖြစ်ချင်တယ်၊ ဒီဘဝတိုက်ပွဲမှာ ငါနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက် ကြီးကြီးမားမားထားတဲ့စိတ်၊ အကောင်းဘက်ကကြည့်ရင် အောင်မြင်မှုပန်းတိုင်ကိုရောက်ဖို့ အားသွန်ခွန်စိုက်ရောက်အောင်သွားချင်တဲ့စိတ်၊ တစ်ချိန်တည်းမှာပဲ စိတ်ဖိစီးမှုတွေများပြီး ရောဂါတောင်ဖြစ်စေနိုင်ပါတယ်။

Soothing System ကတော့ စိတ်အေးအေး၊ သက်သောင့်သက်သာနဲ့ ပြဿနာကို တည်တည်ငြိမ်ငြိမ် ကိုင်တွယ်နိုင်စွမ်း၊ စိတ်လုံခြုံမှု၊ စိတ်ကျေနပ်မှု၊ စိတ်အေးချမ်းနေတဲ့ ဦးနှောက်အစိတ်အပိုင်းဖြစ်ပါတယ်။ ဒီ Soothing System က အားကောင်းစေဖို့ မိမိစိတ်ကို စောင့်ကြည့်တဲ့ မိမိအမူအရာတစ်ခုချင်းတိုင်းကို သတိပြုစောင့်ကြည့်လေ့ကျင့်တဲ့ သတိပဋ္ဌာန်တရားရှုမှတ်ခြင်းဖြင့် ဒီ Soothing System အားကြီးပြီး ကျန်တဲ့ Threat System နဲ့ Drive System ဦးနှောက်အစိတ်အပိုင်းတွေကျုံ့သွားတာ လက်တွေ့အထောက်အထားတွေ့ရှိခဲ့ပါတယ်။

*စာမျက်နှာ ၁၆ သို့*

# ၂၀၂၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**၂၀၂၅ ခုနှစ် မိုးနှောင်းကာလ သတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်နေ့)မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့် အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှအောက်ပါ အတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်-

(က) စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

( ခ ) စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊

( ဂ ) စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့ အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာလ ၂ ရက်နေ့မှ ၇ ရက်နေ့အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်း ငယ်မှ အားအသင့်အတင့် ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်း မြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

### ၂၀၂၅ ခုနှစ် စက်တင်ဘာလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၁၄ ရက်နေ့မှ ၁၉ ရက်နေ့အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလ ၂၀ ရက်မှ ၂၅ ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ လည်းကောင်း၊ စက်တင်ဘာလ ၂၆ ရက်မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ် ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန် ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည် တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ် နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက် ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁၁ ရက် မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၅ ခုနှစ် စက်တင်ဘာလအတွင်း ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင် မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိ နိုင်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

---

*စာမျက်နှာ ၁၅ မှ*

Paul Gilbert ရဲ့ CFT က ကရုဏာတရားပွားများတဲ့ တရားနှလုံးသွင်းမှုကို လေ့ကျင့်ယူစေပြီး ကုသတာပါ။ ဒီလိုလေ့ကျင့်ရင် ချစ်ခြင်းမေတ္တာ ဖော်ဆောင်တဲ့ Endorphins ဟော်မုန်းတွေ ထွက်လာတာပါ။ Neuromodulator ဆိုတာနဲ့ ဟော်မုန်းတွေက အကောင်းတွေးတဲ့ ကရုဏာစိတ်တွေ ဖြစ်စေနိုင်တာပါ။ တရားထိုင်ရင် ဟော်မုန်းတွေက ဒီ Soothing System အားကောင်းစေပြီး ကျန်တဲ့ Threat System, Drive System က ဧရိယာတွေကို အားပျော့ကျုံ့သွားစေပါတယ်။

**မေတ္တာပွား၊ ကရုဏာပွားတဲ့ အလေ့အကျင့်ကို အနောက်တိုင်းဆေးပညာမှာ သုံးနေကြ**

ပျော်ရွှင်ခြင်း၊ စိတ်ချမ်းသာခြင်းဆိုတဲ့ ခံစားမှုတွေဟာ Serotonin ဟော်မုန်းတွေကြောင့်ပါ။ မုန်းစွဲတွေ၊ ရန်လိုရန်ပြုခြင်းတွေ၊ လူမျိုးတုံးသတ်တယ်ဆိုတာတွေကတော့ Testosterone ဟော်မုန်းတွေနဲ့ဆိုင်ပါတယ်။ ဒါကြောင့် မေတ္တာပွား၊ ကရုဏာပွားတဲ့ အလေ့အကျင့်ကို ဆေးကုထုံးအဖြစ် Compassionate Focused Therapy (CFT) ကုထုံးကို အနောက်တိုင်းဆေးပညာမှာ သုံးနေကြတာပါ။

ဒီတော့ ဣသာ၊ မစ္ဆရိယ အခြေခံကနေ လောင်ကျွမ်းလာခဲ့တဲ့ ဖွဲမီး၊ ဒေါသမီးတွေဟာ ဒီကနေ့ကမ္ဘာကြီးမှာ ထိန်းမနိုင်၊ သိမ်းမရ ပေါက်ကွဲလောင်ကျွမ်း ကိလေသာမီး ပျံ့နှံ့လာလို့သာ ဒီကနေ့ကမ္ဘာကြီးဟာ ဒုက္ခသည်စခန်းဖြစ်လာခဲ့ရတာပါ။

ဒါကြောင့် Emotional Intelligence ဆိုတဲ့ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်စွမ်းဉာဏ်စရဲ့ ကဏ္ဍာငါးခု ဖြစ်တဲ့ ကိုယ့်ကိုယ်ကိုယ် သတိတရားလက်ကိုင်ထားတဲ့အကျင့်၊ စိတ်ခံစားမှုထိန်းချုပ်နိုင်စွမ်း၊ ကိုယ့်ကို နာကျင်အောင်လုပ်တာ မကြိုက်သလို သူများကိုလည်း နာကျင်အောင်မလုပ်တဲ့ ကိုယ်ချင်းစာနာမှု ကရုဏာထားရေး၊ မိမိ စိတ်ချမ်းသာချင်သလို အများသူငါ ကောင်းကျိုးကို တက်တက်ကြွကြွ ဆောင်ရွက်ပေးလိုစိတ်၊ လူ့ဘောင်အသိုင်းအဝိုင်း ကောင်းအောင် ဆောင်ရွက်ပေးလိုတဲ့ စေတနာ ဒါတွေအားလုံး လူ့ဘောင်မှာမရှိမဖြစ် လေ့ကျင့်ဖို့ လိုအပ်ပါတယ်။

ပြည်တွင်းစစ်၊ ကမ္ဘာစစ်တွေဟာ ဒီ EI အချက်ငါးချက်ကို မလေ့ကျင့်ကြလို့ နယ်မြေလု၊ အင်အားပြိုင်၊ မီးဟုန်းဟုန်းတောက်နေကြတာ ဖြစ်ပါတယ်။

**ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ်အားပြိုင်**

ဆိုရှယ်လစ်စနစ်နဲ့ အရင်းရှင်စနစ် အားပြိုင်တဲ့ ခေတ်တုန်းက စာရေးသူငယ်ငယ်ပဲရှိပါသေးတယ်။ အဖေက NEWS WEEK, TIMES မဂ္ဂဇင်းတွေ အမြဲဝယ်ဖတ်လေ့ရှိပြီး ကာတွန်းတစ်ခုကို သဘောကျကာ ပြုံးနေတာတွေ့လို့ မေးကြည့်မိပါတယ်။ ဆိုဗီယက်ခေါင်းဆောင်ဂိုဘာချော့က လပေါ်ကနေ ကမ္ဘာမြေကိုပြန်လာပြီး လက်ခါပြနေတဲ့ ကာတွန်းပုံဆွဲထားတာပါ။ ဆိုရှယ်လစ်ပန်းတိုင်ဆိုတာ လကမ္ဘာထိ ငါသွားရှာကြည့်ပြီးပြီ။ ဘာမှမရှိပါဘူးဆိုတဲ့ ကာတွန်းပုံလေးပါ။

ဒီကနေ့ခေတ်ကို စာရေးသူကာတွန်းဆွဲကြည့်ချင်မိပါတယ်။ တခြားနိုင်ငံတွေမှာ သုံးပြီးလို့ဟောင်းပြီး ဖွတ်ဖွတ်ကြေနေတဲ့ တစ်ပတ်နွမ်း ဘေထုပ်တွေကို ပြည်ပကနေ မြန်မာပြည်ထဲ သွင်းလာ၊ လျှော်ဖွပ်၊ မီးပူတိုက်ပြီးတဲ့ တစ်ပတ်ရစ်ဟောင်းတွေကို နိုင်ငံခြားက သွင်းလာတာဆိုပြီး ရောင်းနေတဲ့ ကာတွန်းကို စိတ်ထဲကနေ ဆွဲကြည့်မိပါတယ်။

တခြားနိုင်ငံတွေမှာသုံးပြီး ဟောင်းနွမ်းနေတဲ့ တစ်ပတ်နွမ်း ဘေထုပ်၊ ဒီမိုကရေစီအတုကို အခုမှ မြင်ကြားပြီး ခရေဇီဖြစ်နေကြသူတွေကို ရည်ညွှန်းပြီး ဘေထုပ်ဒီမိုကရေစီလို့ ကာတွန်းဆွဲကြည့်မိတာပါ။ Dirty Politics ဆိုတဲ့ ညစ်ပတ်တဲ့ နိုင်ငံရေး၊ ညစ်ပတ်တဲ့ နိုင်ငံရေးသမားတွေရဲ့ မတရားကြံစည်မှုကြောင့် ဒီမိုကရေစီအတုဟာလည်းပဲ ရခိုင်လေဘေး၊ ဘေထုပ်တွေ ဈေးပေါပေါရောင်းနေသလိုပဲ တို့နိုင်ငံထဲမှာ အတုမိနေကြပြီလားလို့ စိတ်မသက်မသာ ဖြစ်မိပါရဲ့။

သူများနိုင်ငံတွေမှာ ညစ်ပတ်တဲ့နိုင်ငံရေး သမားတွေရောင်းစားတဲ့ ဘေထုပ်ဒီမိုကရေစီကို ဘယ်သူမှ မသုံးကြတော့၊ မယုံကြတော့ပါဘူး။ နိုင်ငံတကာမှာ ဒီမိုကရေစီရရေး ဘယ်သူမှ မကြွေးကြော်ကြတော့ဘဲ ပိုအရေးကြီးတဲ့ **“ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသားများ သာယာဝပြောရေး”** ကိုသာ အဓိက မဏ္ဍိုင်အဖြစ် အားစိုက်ဆောင်ရွက်နေကြတာပါ။ Dirty Politics ညစ်ပတ်တဲ့နိုင်ငံရေးသမားတွေရဲ့ ဘေထုပ်ဒီမိုကရေစီကို ပညာတတ်အသိုင်းအဝိုင်းက လုံးဝလက်မခံ၊ မယုံကြည်ကြတော့ပါဘူး။

**ဦးသန့် ဘာပြောသွားလဲ မှတ်မိကြမယ်ထင်ပါတယ်။ ဒီမိုကရေစီစနစ်ဟာ စည်းကမ်းရှိတဲ့ နိုင်ငံသူ နိုင်ငံသားတွေနဲ့ပဲ ထိုက်တန်ပါတယ်တဲ့။ စည်းပျက်ကမ်းပျက်လူတွေနဲ့ ဒီမိုကရေစီစနစ်ကျင့်သုံးရင် ကစဉ့်ကလျား၊ ပရမ်းပတာပဲ ဖြစ်စေလိမ့်မယ်တဲ့။**

စဉ်းစားကြည့်ပါ။ သူခိုးခားပြလေးယောက်နဲ့ လူကောင်းတစ်ယောက် အများဆန္ဒနဲ့မဲခွဲရင် သူခိုးကပဲနိုင်မှာပါ။

**“စည်းကမ်း ၊ ကိုယ်ကျင့်သိက္ခာ၊ စာရိတ္တမဏ္ဍိုင်၊ ဝါရိတ္တမဏ္ဍိုင်” လေးခုကို အခြေခံအုတ်မြစ်ခိုင်အောင် စိုက်ပြီးမှသာလျှင် “ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး” ဆိုလိုတာက နိုင်ငံသူ နိုင်ငံသားတွေ သာယာဝပြောရေးကို နိုင်ငံရဲ့ အဓိကပန်းတိုင်၊ အဓိကမဏ္ဍိုင်ထားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**

တိုင်းပြည်ရှေ့ကို တက်လှမ်းဖို့ လူတိုင်း အားသွန်ခွန်စိုက် အလုပ်လုပ်ရမှာကို ဘာကြောင့်များ အစွန်းထွက် ဘေထုပ်အဟောင်းတွေ ဆုပ်ကိုင်ထားချင်နေကြတာလဲ။ ဒီလူတွေရဲ့ဦးနှောက်မှာ အဆိပ်သင့်ကျူမာတွေ ပိုညပ်နေကြတာလား။

ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ အဝတ်ဟောင်းဘေထုပ်တွေကို နိုင်ငံခြားဖြစ်ဆိုပြီး အထင်တကြီး ဆုပ်ကိုင်နေကြတာ လွှတ်ချပစ်ဖို့ အချိန်တန်ပါပြီ။

ဣသာ၊ မစ္ဆရိယကနေ ပေါက်ဖွားလာတဲ့ ဖွဲမီး၊ ဒေါသမီး၊ မနာလိုစိတ်၊ ကိလေသာမီးတွေ လောင်ကျွမ်းခွင့်မပေးကြဘဲ ကုန်းချော၊ ကုန်းတိုက်၊ ခြေထိုး၊ သူများကိုနင်းချေပြီး မိမိနေရာရဖို့ မလုပ်ကြပါနဲ့တော့။

ယောဆရာတော်ဘုရားမိန့်ကြားတဲ့ ခန္ဓာကိုယ်အတွင်း အဖြူအသင်းနဲ့ အမည်းအသင်း ဘောလုံးပွဲမှာ အဖြူအသင်းချန်ပီယံဗိုလ်စွဲအောင် ကန်နိုင်ကြမလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာပေ့ါ။

**ငါနဲ့မတူ ငါ့ရန်သူလို့ မမြင်ကြဘဲ မတူညီမှုများကြားက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်အောင်နေတတ်ဖို့ “Diversity To Coexist In Harmony” သိပ်လိုအပ်နေပါပြီ။**

ဝါးအစည်းတစ်ချောင်းချင်း ပြေကျလို့ နွားကွဲကျားကိုက်ခံရတာ မမေ့သင့်ပါ။ လွတ်လပ်ရေးဆိုတာ ပေ့ါပေ့ါလေးမဟုတ်ပါ။ ဆုံးရှုံးဖူးတဲ့အရာဟာ တန်ဖိုးဖြတ်လို့မရပါ။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးမကွဲအောင်၊ သွေးစည်းအောင် အဝတ်ဟောင်းတွေ ပြည်တွင်းသွင်းလာ၊ လျှော်ဖွပ် မီးပူတိုက်ပြီးရောင်းနေတဲ့ ဘေထုပ်ဒီမိုကရေစီနိုင်ငံရေး မဖြစ်ရလေအောင် “ချစ်ခြင်းကို မခွဲပါနဲ့”။

ထပ်ပြောချင်ပါတယ် ။ “ချစ်ခြင်းကို မခွဲပါနဲ့”

# ကချင်ပြည်နယ်အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းမှ ယာယီတိမ်းရှောင်မိသားစုများကို အခမဲ့ဆေးဝါးကုသပေးခြင်းလုပ်ငန်းဆောင်ရွက်

**မြစ်ကြီးနား ဩဂုတ် ၃၁**

ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းက နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ် မြို့/ကျေးရွာများကိုစွန့်ခွာ၍ ယာယီတိမ်းရှောင်လာသော ပြည်သူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ယနေ့တွင် အံတော်ရှင် တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက် သီတဂူစက္ခုဒါနဆေးရုံ၌ဆောင်ရွက်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် သီတဂူစက္ခုဒါနဆေးရုံ၌ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေး ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒူဝါဒေါက်တာဘွမ်ယွမ်နှင့် ဆရာဝန်များက အဆိုပါ အံတော်ရှင် တောင်တန်းသာသနာပြု (ဗဟို) ကျောင်းတိုက်အတွင်း လာရောက်ခိုလှုံနေထိုင်လျက်ရှိသော ယာယီတိမ်းရှောင်ပြည်သူများကို ကျန်းမာရေး စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဆေးဝါးကုသမှုခံယူရန် လာရောက်ကြသော ပြည်သူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ ပြည်သူများအား မုန့်နှင့် ဖျော်ရေဘူးများကို ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ယာယီခိုလှုံနေထိုင်ရာစခန်းအတွင်းရှိ အိမ်ထောင်စုများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ



သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များ ဖြည့်ဆည်းပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် တပ်မတော်(လေ)မှ စစ်သည်နှင့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းမိသားစုဝင် သားသမီးများအား ဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၃၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(လေ)မှ စစ်သည်နှင့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လေတပ်စခန်း၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်များ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်မြင်ခဲ့ကြသည့် စစ်သည်၊ ကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (လေ) က ဂုဏ်ပြုအမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် (၅) ဘာသာဂုဏ်ထူးရှင် သုံးဦး၊ (၄)ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၂၀၊ (၂)ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၃၁ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် စစ်သည်တစ်ဦးတို့ကို ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။(ဝဲပုံ)

**သတင်းစဉ်**

# မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရေး အားပေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော်ကောင်စီ နယ်မြေအတွင်း မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍ မြှင့်တင်နိုင်ရေး အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့တွင် ဥတ္တရသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ရန်ကုန်-မန္တလေးအမြန်လမ်း ၂၁၆ မိုင် (၅)ဖာလုံရှိအဆင့်မြင့်နို့စားနွားမွေးမြူရေးခြံတွင် Holstein Friesian နို့စားနွားမျိုးများကို အလုံပိတ် အအေးပေးစနစ်ဖြင့် မွေးမြူထားရှိမှု၊ နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ် ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ယာပုံ)** နို့စားနွားများကို ယူနစ်အလိုက် တိုးချဲ့မွေးမြူရေး၊ တစ်နိုင်မွေးမြူသူတောင်သူများကိုမွေးနည်းစနစ်နှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးနိုင်ရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် တောင်ညို ကျေးရွာရှိ ပုဂ္ဂလိကဥစားကြက်မွေးမြူရေးခြံတွင် ဥစားကြက်ကောင်ရေ ၈၅၀၀ မွေးမြူထားရှိမှုနှင့် ဒေသတွင်း ကြက်ဥဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒုတိယဝန်ကြီးက ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့နည်း သက်သာစေရေး၊ သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် လယ်သာကျေးရွာရှိ စမ်းဝတီ သဘာဝမြေဩဇာနှင့် နို့စားနွား



မွေးမြူရေးခြံသို့ သွားရောက်၍ သဘာဝမြေဩဇာ၊ Compound ဓာတ်မြေဩဇာများ ထုတ်လုပ်နေမှု၊ တစ်နှစ်လျှင် ကီလို ၅၀ အိတ် ၁၀၉၅၀၀ ဖြန့်ဖြူးပေးနေမှုနှင့် နို့စားနွား ၂၂ ကောင် မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ လယ်ယာဘေးထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာဖြည့်ဆည်းပေးခြင်းနှင့် တိရစ္ဆာန်အညစ်အကြေးမှ သဘာဝမြေဩဇာအဖြစ် အသုံးပြုခြင်းပါဝင်သည့် လှည့်ပတ်သုံးစွဲနည်းစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး တောင်သူမှ တောင်သူတိုးချဲ့ပညာပေးရေး၊ မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေး ဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၃၁**

ဥပဒေရေးရာဝန်ကြီးဌာန၏ (၄)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်၊ သပိတ်ကျင်းခရိုင် ဥပဒေရုံးများနှင့် ယင်းတို့၏ ခရိုင်များအတွင်းရှိ မြို့နယ်ဥပဒေရုံးများမှ အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ခဲ့ကြသည်။



နံနက်ပိုင်းတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သစ္စာမဏ္ဍိုင်ကျောင်းတိုက် နာယကဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဒေါ်နော်သန်းသန်းငြိမ်းနှင့် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက ဝါဆိုသင်္ကန်းနှင့် အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ရုံးရှေ့မျက်နှာစာတွင် ဥပဒေရေးရာဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို မိုးပျံပူဖောင်းများ လွှတ်တင် ဖွင့်လှစ်ကြသည်။ **(ဝဲပုံ)**

နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ်က အမှာစကားပြောကြားခြင်း၊ ဥပဒေရေးရာ ဝန်ကြီးဌာန၏ လှုပ်ရှားမှု ဗီဒီယိုမှတ်တမ်းပြသခြင်း၊ အမှတ်တရကံစမ်းမဲနှိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၉၈ မျိုး၊ လူသုံးကုန်ပစ္စည်း ၅၉ မျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၁၆၃၃၈၅)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck နှစ်စီး၊ Doh Shwe Myanmar Truck တစ်စီး၊ Toe 12 Wheel Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head နှစ်စီး၊ Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ဘားအံမြို့နယ် ဝါးဘိုးတော-ဒုံသမိ လမ်းဆုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Forland Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၉၇၄၃၃၈၅ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၈ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ်အတွင်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၈၀၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး၊ Ford Ranger Pick Up တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်နှင့် သထုံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ရှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၅၈၀၁၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀၀)ကို လည်းကောင်း၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၆၅၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၆၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မင်းဓမ္မ(၈)လမ်း အင်းလေးမြိုင်စက်မှုဇုန်အနီးရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၈၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၄၉၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၇၇၁၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၅၄၂၄၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး၊ Isuzu Light Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီး၊ SMK Light Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရတနာပုံတံတား(နွားပေါက်)စစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ ၈၅ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၉၉၅)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၈၇၈၂၃၅ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှိုင်သာယာစက်မှုဇုန်(၃)ရှိ ဂိုဒေါင်နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁၄၄၄၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၆၈၅၅၈၂) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. Moe Thi Dar ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၄၀၀၀၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၂၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၉၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၆၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၅၀၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်ငါးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် အစီး ၃၀ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၂၅၇၃၄၅၄)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် တစ်ပေခွဲမှ လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် နှစ်ပေမှ နှစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ




**မန္တလေး ဩဂုတ် ၃၁**

၂၀၂၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမှတ်ပေးဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ ဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကလပ်ပေါင်းစုံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအတွင်းရေးမှူးတို့က အမျိုးသား Fitness Physique Open ပြိုင်ပွဲတွင် သရုပ်ပြတင်ဆက်ခဲ့သူအား ဂုဏ်ပြုငွေကိုလည်းကောင်း၊ အမျိုးသား Sport Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Sport Physique Over 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Up to 170 cm ပြိုင်ပွဲ၊ အမျိုးသား Athletic Physique Over 170 cm ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်းနှင့် ၇၅ ကီလိုတန်း ကာယဗလမောင်ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး အမျိုးသမီးအားကစား ဆပ်ကော်မတီအဖွဲ့မှ တာဝန်ရှိသူများက အမျိုးသမီး Model Physique Up to 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Model Physique Over 160 cm ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physique Open ပြိုင်ပွဲတို့တွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသူများကိုလည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး အမျိုးသမီးရေးရာ အဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက အမျိုးသမီး Fitness Physique Open ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသူများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၇၅ ကီလိုအထက် ကာယဗလမောင်ပြိုင်ပွဲတွင် တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိသူများကိုလည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**သတင်းစဉ်**

## ပင်းတယမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး



**ပင်းတယ ဩဂုတ် ၃၁**

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ဆိုင်ရာအသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့က ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု မြောက်ရွှေပုထိုးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် အင်းငယ်ကျေးရွာအုပ်စုနေ ဒေသခံကျေးရွာသူ ကျေးရွာသားများက မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

## အင်တောမြို့ပေါ် (၆) ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**အင်တော ဩဂုတ် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ပေါ် (၆) ရပ်ကွက်ရှိ ဓမ္မာရုံများတွင် မြို့ပေါ်ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းတည့် ၁၂ နာရီက ပြုလုပ်သည်။



အဆိုပါ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ရပ်စောက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးနိုင်းအွမ်နှင့် ဝန်ထမ်းများက မြို့ပေါ်(၆)ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် အသုံးပြုပုံများ၊ ဆန္ဒမဲပေးနည်းအကြောင်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် မဲဆန္ဒရှင်ပြည်သူများက လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြသည်။

မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ဖြင့် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းများကို အုံးကွဲ၊ ကျောက်ဂူ၊ နန်းကောင်းမူ၊ နောင်ဝိုးနှင့် နောင်လုံကျေးရွာအုပ်စုရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်တော(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

○ *ကျော့ဖုံးမှ*

အဆိုပါ လေပွေလှိုင်း၏ အရှိန်ကြောင့် ယနေ့ညမှ စက်တင်ဘာ ၃ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ လေပွေလှိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❖ *ကျော့ဖုံးမှ*

နောက်ဆုံးအဆင့်တွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရသည့် ပထမဆုံး မြန်မာ ကလပ်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အား/ကာသိပ္ပံအသင်းထက် ဂိုးကွာခြားချက်အသာရထားသည့် လာဂူနာအသင်းသည် သရေကျရုံဖြင့် အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သော်လည်း အပြန်အလှန်တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၃ မိနစ်တွင် လာဂူနာအသင်းအတွက် ဒေးဗစ်ဆန်က သွင်းယူခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ အား/ကာသိပ္ပံအသင်းအတွက် ဒုတိယပိုင်း မိနစ် ၅၀ တွင် စန္ဒာလင်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိလာပြီး မိနစ် ၇၀ တွင် ယွန်းဝတီလှိုင်ကို ထည့်သွင်းပြီးနောက်ပိုင်း အား/ကာသိပ္ပံ တိုက်စစ်ပိုကောင်းလာကာ ၇၉ မိနစ်တွင် သူမ၏ အနာခံဂိုးရရန် ကြိုးပမ်းမှုမှတစ်ဆင့် ပြန်လျှံထွက်လာသောဘောလုံးကို စန်းသော်သော်က ခေါင်းတိုက်ကာ ဒုတိယဂိုးသွင်းယူခဲ့သည်။ အား/ကာသိပ္ပံ အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၈၉ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် အုပ်စုပွဲများတွင် ဂူအမ်ကလပ် Strykers အသင်းကို ကိုးဂိုးပြတ်၊ မွန်ဂိုလီးယားကလပ် Khovd Western အသင်းကို ရှစ်ဂိုးပြတ်၊ ဖိလစ်ပိုင်ကလပ် လာဂူနာအသင်းကို သုံးဂိုး-တစ်ဂိုးတို့ဖြင့် အနိုင်ယူကာ ရာနှုန်းပြည့် အနိုင်ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မေလအထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ တရုတ်စသည့် အာရှထိပ်သီးနိုင်ငံများမှ ကလပ်အသင်းများအပါအဝင် စုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ဓာတ်ပုံ-သော်ကြီး**

❈ *ကျော့ဖုံးမှ*

ကြိုးပမ်းလာခဲ့ရာ ပွဲကစားချိန် ၃၇ မိနစ်တွင်ရရှိခဲ့ပြီး ဂူလာက သွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ် အသင်းသည် ဦးဆောင်ဂိုးရရှိပြီးနောက် တစ်မိနစ်အကြာတွင် ဒုတိယဂိုးကို ဗင်နီစီးယပ်စ်က သွင်းယူပေးခဲ့သည်။

ရီးရဲမက်ဒရစ် အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါသုံးပွဲကစားပြီး ရာနှုန်းပြည့်နိုင်ပွဲကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် မာယော့ကာအသင်းက လာလီဂါ သုံးပွဲကစားပြီးချိန်တွင် နိုင်ပွဲရရှိထားခြင်းမရှိသေးဘဲ တစ်ပွဲသရေနှင့် နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

အခြားပွဲစဉ် ရလဒ်များတွင် အိုဗီဒိုက ဆိုစီဒက်ကို တစ်ဂိုး-ဂိုးမရှိ၊ ဆီဗီလာက ဂျီရိုနာကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ပြီး အလာဗက်စ်နှင့် အက်သလက်တီကိုမက်ဒရစ် အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**

## မော်လမြိုင်တက္ကသိုလ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



**မော်လမြိုင် ဩဂုတ် ၃၁**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ရှင်းလင်းပြသခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက်က မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးတင်ဇော်ထွန်းက အမှာစကားပြောကြားပြီး ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက MEVM စက်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲတာဝန်ခံက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုပုံ နည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မော်လမြိုင်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက MEVM မဲပေးစက်တွင် လက်တွေ့စမ်းသပ်မဲပေးနေမှုများကို ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။

**စည်သူ(ပြန်/ဆက်)**

## လှိုင်ကော်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ လက်တွေ့စမ်းသပ်မဲပေး

**လှိုင်ကော် ဩဂုတ် ၃၁**

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၂၈ ရက်က လှိုင်ကော်မြို့ နမ့်ဘော်ဝမ်(က)ရပ်ကွက် မဟာမဂ္ဂင်ဘုန်းကြီးကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်မျိုးသန့်က အမှာစကားပြောကြားပြီး ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရက မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

အခမ်းအနားတွင် နမ့်ဘော်ဝမ်(က) ရပ်ကွက်မှ မဲဆန္ဒရှင်ပြည်သူ ၂၀၀ က စိတ်ပါဝင်စားစွာ လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ကြရာ ကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ချမ်းအေးသာစံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**ချမ်းအေးသာစံ ဩဂုတ် ၃၁**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားကို ယမန်နေ့က အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မဟာအောင်မြေခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးထွန်းက မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ ကျင်းပမည့် လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ် မဲပေးစက်လုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ



ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးပြည့်ဖြိုးအောင်နှင့် အတွင်းရေးမှူး ဒေါ်စုလှဲ့ရည်ထွေးတို့က မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ မဲပေးခြင်း၊ မဲလက်မှတ်စက်ဖြင့် မဲပုံးအတွင်း ရောက်ရှိခြင်း၊ မဲရေတွက်ခြင်းတို့ကို ရှင်းလင်းပြသ၍ တစ်ဦးချင်း မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ကိုယ်တိုင်စမ်းသပ် မဲပေးခြင်းများကို လက်တွေ့ပြသ ဆောင်ရွက်သည်။

မဲဆန္ဒရှင် ပြည်သူများ လက်တွေ့စမ်းသပ် မဲပေးရာသို့ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

**ထွန်းထွန်းနိုင်**

## တပ်ကုန်းမြို့နယ်၌ ကျေးရွာအုပ်စုငါးအုပ်စုမှ ဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

**နေပြည်တော် ဩဂုတ် ၃၁**

တပ်ကုန်းမြို့နယ်၌ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်လွန့်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာခန်းမ၌ လက်တွေ့ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင့်လွင်အောင်နှင့် ဒေါ်ဇာခြည်ဝင်းတို့က မဲပေးစက်နှင့်မဲပေးပုံ အဆင့်ဆင့်များကို ရှင်းလင်းပြောကြားကာ မဲပေးစက်နှစ်လုံးဖြင့် လက်တွေ့သရုပ်ပြမဲပေးပြီးနောက် တက်ရောက်လာသည့် ညောင်လွန့်ကျေးရွာအုပ်စု၊ တဲ့မြင့်ကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စု၊ ကြိုးကြားအင်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာအုပ်စုမှ ပြည်သူများက မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

## ကမမောင်းမြို့၌ မဲဆန္ဒရှင်ပြည်သူများအား မဲပေးစက်ဆိုင်ရာ အသိပညာပေး

**ကမမောင်း ဩဂုတ် ၃၁**

ကရင်ပြည်နယ် ကမမောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ လက်တွေ့စမ်းသပ်ခြင်းတို့ကို မြို့ပေါ်ရှိ ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ မဲပေးစက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ဖာပွန်ခရိုင် ရွေးကောက်ပွဲအရာရှိ ဦးဝေဠုအောင်က မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုပုံ အဆင့်ဆင့်ကို အသိပညာပေးဟောပြောပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ကို မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ **ကမမောင်း(ပြန်/ဆက်)**



## အောင်လံမြို့နယ်၌ မဲပေးစက်ဆိုင်ရာ အသိပညာပေး

**အောင်လံ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ကော်မရှင်အဖွဲ့ခွဲမှ တရော်ကုန်းရပ်ကွက်နှင့် ဈေးကုန်းရပ်ကွက်များရှိ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က စတင်ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုခြင်းနည်းလမ်းများ၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)ကို အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မဲဆန္ဒရှင်များက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

**အာကာ(အောင်လံ)**



## ကော့သောင်းမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက် အသိပညာပေးရှင်းလင်း

**ကော့သောင်း ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ ရတနာကျွန်းတွင်ပြုလုပ်ရာ ကော့သောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ် (MEVM) မဲပေးစက်အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ကော့သောင်းခရိုင် ရွေးကောက်ပွဲအရာရှိက ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ် (MMP)၊ မဲပေးသည့်ပုံစံနှင့် ရွေးကောက်ပွဲကျင်းပမည့်ပုံစံ (အပိုင်းလိုက်) တို့ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက်အကြောင်း သိကောင်းစရာများ၊ ၎င်းစက်အသုံးပြု၍ မဲပေးခြင်းဖြင့်ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ခရိုင် (ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်အတွင်း တောင်သူများထံ ဓာတ်မြေဩဇာသွင်းအားစုများ ပေးအပ်




နေပြည်တော် ဩဂုတ် ၃၁

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ယမန်နေ့တွင် ဥတ္တရသီရိမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် လှိုင်ကော်လမ်းဘေးဝဲယာတွင် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဥတ္တရသီရိမြို့နယ် ဇလောင်းကျေးရွာအနီး ပျဉ်းမနား-တောင်ညိုလမ်းမကြီးသို့ သွားရောက်ပြီး လမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေမြောင်းများအား သတ်မှတ်အတိုင်းအတာအတိုင်း စနစ်တကျတူးဖော်ရေးတို့ကို မှာကြားပြီး မရမ်းခုံကျေးရွာ တောင်သူ ဦးဆန်းဝင်း၏ အောင်နိုင်တိုး မိုးစပါးစိုက်ခင်းတွင် သွင်းအားစုအနေဖြင့် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို (၁:၃) စနစ်တကျရောစပ်၍ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် မရမ်းခုံကျေးရွာ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ကျင်းပသော မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာသွင်းအားစု ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက မိုးစပါးစိုက်တောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကာ တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဝင်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် တောင်သူများထံ သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာ သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# ဖျာပုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသည့် တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ပေးအပ်

ဖျာပုံ ဩဂုတ် ၃၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံ မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ နိုင်ငံ့စီးပွား



မြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော မိုးစပါးစိုက်ပျိုးတောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် သွင်းအားစု ဓာတ်မြေဩဇာများ ဖြန့်ဖြူးပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော ကျေးရွာအုပ်စုများမှ မိုးစပါး စိုက်ပျိုးတောင်သူ ၁၁၄၄ ဦးအား awba ယူရီးယားဓာတ်မြေဩဇာ ၄၁၀၇၁ အိတ်၊ awba ကွန်ပေါင်း အိတ် ၃၃၉၀ နှင့် MGM ကွန်ပေါင်း အိတ် ၂၀၀၀ စုစုပေါင်း ယူရီးယား ဓာတ်မြေဩဇာနှင့် ကွန်ပေါင်း ၄၆၄၆၁ အိတ်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



# ကလောမြို့နယ်၌ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကလော ဩဂုတ် ၃၁

ကလောခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဟိုတယ် လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍မိုးရာသီလမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး အတွက် သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၃၀ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း)ကလောမြို့နယ် လွယ်အံကျေးရွာအုပ်စု ကျောက်တန်းကျေးရွာအနီး ကလော-ပင်လောင်းသွားကားလမ်း လမ်းမကြီးဘေး (၀.၅)ကီလိုမီတာအနီးတွင် ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။ ထို့နောက် စိုက်ပျိုးမည့် ပျိုးပင်များကို ဟိုတယ်လုပ်ငန်းရှင်များအသင်းနှင့် ခရိုင်၊ မြို့နယ်ဆင့်ဌာနဆိုင်ရာများအားပေးအပ်ခဲ့ပြီး တက်ရောက်လာကြသူများက လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်စေရေးအတွက် ထင်းရှူးပင် ၂၆၈ ပင်၊ စိန်ပန်းပြာ ၃၁ ပင်နှင့် စိန်ပန်းနီ ၃၁ ပင် စုစုပေါင်း ပျိုးပင် ၃၃၀ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ကျော်ဝင်း(ကလော)**

# ကမာရွတ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၃၁

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်းကို ယမန်နေ့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက အမှတ် (၉) ရပ်ကွက်ရှိ တက္ကသိုလ်ရိပ်သာလမ်းရှိ ဝန်ထမ်းအိမ်ရာဝင်းသို့ ကွင်းဆင်း ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခြင်ကြောင့် ဖြစ်ပွားနိုင်သော သွေးလွန် တုပ်ကွေးရောဂါများ ကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေပုံး၊ ရေအိုးများ၊ ဘုရား ပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေအုတ်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဆေးမှုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး လုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေး အုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကောင်စီ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စိမ်းလဲ့(ပြန်/ဆက်)**

# မုံရွာမြို့၌ အာမခံအလုပ်သမား ၁၃၁၅ ဦးအတွက် ထောက်ပံ့ငွေပေးအပ်

မုံရွာ ဩဂုတ် ၃၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ မန္တလေးလျှင်ဘေးသင့် အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းများကို ခွင့်ပြုထုတ်ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့ရှိ အာမခံအလုပ်သမား ၁၃၁၅ ဦးအတွက် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေကျပ် ၁၂၁ ဒသမ ၈၂ သန်းကို ဩဂုတ် ၂၁ ရက်တွင် မုံရွာမြို့ မြသလ္လာခန်းမ၌ ပြုလုပ်သည့်အခမ်းအနား၌ ပေးအပ်ခဲ့သည်။

အလားတူ စစ်ကိုင်းမြို့ရှိ အာမခံအလုပ်သမား ၄၅၁၇ ဦးအတွက် ၄၀ ရာခိုင်နှုန်းထောက်ပံ့ ငွေကျပ် ၃၂၃ ဒသမ ၈၀ သန်း၊ ရွှေဘိုမြို့ရှိ အာမခံအလုပ်သမား ၃၄၆ ဦးအတွက် ၄၀ ရာခိုင်နှုန်း ထောက်ပံ့ငွေကျပ် ၃၁ ဒသမ ၉၅၈ သန်းနှင့် ကလေးမြို့ရှိ အာမခံအလုပ်သမား ၂၂၀ အတွက် ၂၃ ဒသမ ၁၉၉ သန်းကိုလည်း ထုတ်ပေးခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အာမခံအလုပ်သမား ၆၃၉၈ ဦးအတွက် ငွေကျပ် ၅၀၀ ဒသမ ၇၈၅သန်းကို ထုတ်ပေးခဲ့ပြီး ကျန်ရှိနေသည့် အာမခံအလုပ်သမားများကိုလည်း ဆက်လက်စိစစ်ထုတ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စစ်ကိုင်းမြို့ရှိ ငလျင်ကြောင့် ထိခိုက်သေဆုံးခဲ့သော အာမခံအလုပ်သမား နှစ်ဦးအတွက် နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် စုစုပေါင်း ငွေကျပ်သန်း ၂၄ ဒသမ ၄၈၅ သန်းကို ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

**စံထိုက်လင်း**

# အမှိုက်အမျိုးအစားခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မင်းဘူး ဩဂုတ် ၃၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြည်သူများအမှိုက်များ စနစ်တကျ ခွဲခြားစွန့်ပစ်ရေး နည်းလမ်းများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ဩဂုတ် ၃၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့ သန့်စင်လမ်းတစ်လျှောက်နှင့် မြို့ပတ်လမ်းတစ်လျှောက်လမ်းဘေး(ဝဲ၊ ယာ)ရှိ ဈေးဆိုင်လုပ်ငန်းရှင်များနှင့် ဈေးဝယ်လာပြည်သူများအား မြို့ပြနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များကို အမှိုက်စို၊ အမှိုက်ခြောက်၊ အန္တရာယ်



ရှိသောအမှိုက်၊ ပလတ်စတစ်အမှိုက်ဟူ၍ အမှိုက်အမျိုးအစားအလိုက် ဝါ၊ စိမ်း၊ နီ၊ ပြာ အရောင်ဖြင့် သတ်မှတ်အမှိုက်ပုံးအတွင်း ခွဲခြားစွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပြောကြားပြီး ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



## တွံတေးမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**တွံတေး ဩဂုတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ် အခွန်ဦးစီးမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများ အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အခွန်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အခွန်ဦးစီးဌာန အခွန်ဦးစီးမှူး ဦးစံသိန်းက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ဖြေကြားသည်။ အဆိုပါ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲသို့ လုပ်ငန်းရှင် စုစုပေါင်း ၂၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## ဇေယျာသီရိမြို့နယ် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၃၁**

နေပြည်တော် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာရိုစီနေဝင်းနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယမင်းလှိုင်က စာရေးဆရာကြီး ကိုရွှေအောင်သင်း၏ အတ္ထုပ္ပတ္တိအား ဖတ်ကြားသည်။

ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက “လူငယ်နှင့် အနာဂတ်နိုင်ငံတော်” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများမေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရဆု လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

**ထွန်းလင်း(ဇေယျာမြေ)**

## မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် ကျေးရွာအရောက် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေး

**မြောင်းမြ ဩဂုတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် မြန်မာအီလက်ထရောနစ် မဲပေးစက် အသိပညာပေးဆွေးနွေးပွဲနှင့် ကျေးရွာအရောက် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယမန်နေ့က မြောင်းမြမြို့နယ် ဘုရားငုတ္တို ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစန်းဝင်းက ပြည်သူများ ဆန္ဒမဲပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးစီးအရာရှိ ဦးစိုင်းနေဇာမောင်က မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များမေးမြန်းမှုကို ရှင်းလင်းဆွေးနွေးကာ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ် မဲပေးခဲ့ကြကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## တာချီလိတ်မြို့၌ ကလေးသူငယ်များအား ကလေးပျော်စင်တာများ ဆောင်ရွက်ပေး

**တာချီလိတ် ဩဂုတ် ၃၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သည့် ဒေသများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပြီး ပျော်ရွှင်စေရန် ရည်ရွယ်၍ တာချီလိတ်မြို့နယ် ကြက်ခြေနီအသင်းမှ စီစဉ်ကျင်းပသည့် ကလေးပျော်စင်တာများကို ယနေ့တွင် သာသနာ့ဝေပုလ္လ အလိုတော်ပြည့်ကျောင်းတိုက်၌ ဆောင်ရွက်ပေးသည်။

ဦးစွာ မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့မှူး ဦးညဏ်မြင့်ထွန်းက ကလေးသူငယ် ၈၀ တို့အား ကလေးပျော်စင်တာများ ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယတပ်ဖွဲ့မှူး ဦးစိန်အောင်မင်းက ကလေးမိခင်များနှင့် ကလေးသူငယ်များအား အစားအစာသန့်ရှင်းခြင်း၊ ရေသန့်ရှင်းခြင်း၊ လက်သန့်ရှင်းခြင်းနှင့် အိမ်သာသန့်ရှင်းခြင်း စသည့် သန့်လေးသန့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီအသင်း ကြည့်ခြေနီတပ်ဖွဲ့ဝင်များက



ကလေးများနှင့်အတူ ပျော်ရွှင်စွာ ဝိုင်းဖွဲ့သီဆို ကပြခြင်း၊ ဉာဏ်စမ်းဂိမ်းကစားခြင်း၊ ပန်းချီရေးဆွဲခြင်း၊ အိုးစည်၊ ပတ္တလားများ သင်ကြားပေးခြင်း စသည့် စုဖွဲ့လေ့ကျင့်ကစားနည်းများဖြင့် ကလေးပျော်စင်တာများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## ပွင့်ဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်တဥ္ဇာစိုးက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းနှင့် မဲပေးပုံ အဆင့်ဆင့်အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်တဥ္ဇာစိုးနှင့် ဝန်ထမ်းများက ကံသာကြီးကျေးရွာရှိ မဲဆန္ဒရှင်ပြည်သူများကို မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး မဲပေးစက် Printer မှ ထွက်ရှိလာသည့် စာရင်းဖြင့် ဆန္ဒပြုသူ အရေအတွက် မှန်၊ မမှန် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များ စိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများ သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ကျွန်းစုမြို့၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကျွန်းစု ဩဂုတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မြန်မာအီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ ဆန္ဒမဲပေးခြင်းဆိုင်ရာများ အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကပကျေးရွာ၊ မရမ်းချောင်းကျေးရွာနှင့် ကတန်ကျေးရွာတို့သို့ ကွင်းဆင်း ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသန့်က ရွေးကောက်ပွဲ ပျက်အောင် ပြုလုပ်ဆောင်ရွက်မှုများနှင့် မဲဆန္ဒရှင်များအပေါ် ထိခိုက်နာကျင်စေမှု၊ ခြိမ်းခြောက်မှုများ၏ ပြစ်မှုပြစ်ဒဏ်များ အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရွေးကောက်ပွဲအရာရှိ ဒေါ်မို့မို့အေးနှင့် တာဝန်ရှိသူများက MEVM စနစ်ဖြင့် မဲပေးခြင်းဆိုင်ရာ နည်းစနစ်များ၊ မဲပေးစက်နှင့် မဲပေးပုံအဆင့်ဆင့်တို့ကို လက်တွေ့သရုပ်ပြခဲ့ကြသည်။

ထို့နောက် ကျေးရွာရှိ မဲဆန္ဒရှင်များအား MEVM စနစ်ဖြင့် လက်တွေ့မဲပေးခြင်းလုပ်ငန်းများကို စမ်းသပ်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ မဲပေးစက် အသုံးပြု၍ မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



## ပန်းတောင်းမြို့နယ်၌ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပန်းတောင်း ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်နှင့် ဝန်ထမ်းများက ငှက်ဖျားပိုး



တွေ့ရှိသော ကျေးရွာများသို့ ကွင်းဆင်း၍ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၇ ရက်က ရောင်ကြီးကျေးရွာနှင့် လယ်တီကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ငှက်ဖျားရောဂါ ဖြစ်ပွားစေနိုင်သောအကြောင်းရင်းများ၊ ရောဂါသွင်ပြင်နှင့် လက္ခဏာများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ငှက်ဖျားရောဂါ ရှာဖွေခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်း၊ ပိုးတွေ့လူနာများအား ဆေးကုသပေးခြင်းလုပ်ငန်းများကို ရပ်၊ ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

## အင်းလေးဒေသ တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆောင်ရွက်

**ညောင်ရွှေ ဩဂုတ် ၃၁**

တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ပြည်နယ်အဆင့်ကော်မတီဝင်များ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဩဂုတ် ၃၀ ရက်က ညောင်ရွှေမြို့နယ် အင်းလေးဒေသ ကေလာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင် ရွက်ခဲ့သည်။



ဦးစွာ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက တိုးတက်ခိုင်မာအားကောင်းသော လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ပြည်နယ်အဆင့် ကော်မတီမှ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအကြောင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်အစီအစဉ်တွင် အကျုံးဝင်သည့် သက်ကြီး ရွယ်အိုများအတွက် ထောက်ပံ့ကြေး ထုတ်ပေးနေမှုအခြေအနေ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ထောက်ပံ့ကြေး ထုတ်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်က ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များအကြောင်းနှင့် ကော်မတီဝင်ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားခဲ့ကြ သည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန ထောက်ပံ့ရန်ပုံငွေဖြင့် ငလျင်ဘေးဒဏ် ခံစားခဲ့ရသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် မသန်စွမ်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



## မြဝတီမြို့၌ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**မြဝတီ ဩဂုတ် ၃၁**

၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်ပညာရေးမှူးရုံး၌ ယမန်နေ့က ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် "From Science to global action" အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် အထက်တန်း၊အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၉ ဦးနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၉ ဦးတို့က ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဆုများချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

## ဖြူးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်း

**ဖြူး ဩဂုတ် ၃၁**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီ ဖွဲ့စည်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဝွေးကုန်းကျေးရွာ၌ ဩဂုတ် ၂၈ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နှင့် တာဝန်ရှိသူများက သွားရောက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) နှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြီး ကော်မတီ ဖွဲ့စည်းနိုင်ရေး ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများနှင့် ကျေးရွာကော်မတီ အသစ်ရွေးချယ်ခြင်းများ ဆောင်ရွက်ကြသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## မြိတ်မြို့၌ အလွတ်တန်းနှင့် လူငယ်စစ်တုရင်အားကစားပြိုင်ပွဲကျင်းပ

**မြိတ် ဩဂုတ် ၃၁**

မြိတ်မြို့နယ် စစ်တုရင်ကော်မတီမှ ကြီးမှူးကျင်းပသော အလွတ်တန်းနှင့် လူငယ်စစ်တုရင် အားကစားပြိုင်ပွဲကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အလယ်ကျွန်းရပ်ကွက် သာထက်ကောင်းစံမူကြိုကျောင်းတွင် ဩဂုတ် ၃၀ ရက်က ကြီးကြပ်သူများနှင့် ဒိုင်လူကြီးများအဖြစ် မြို့နယ်စစ်တုရင်ကော်မတီမှ ဥက္ကဋ္ဌ ကိုကိုဦး၊ ဦးကျော်ဇေယျာ (ဘဏ္ဍာရေးမှူး)၊ တိုင်းလက်ရွေးစဉ် အားကစားသမားအဟောင်း ဦးအောင်မင်းသူ အပါအဝင် ရှစ်ဦးတို့က ကြီးကြပ်၍ ပြိုင်ပွဲကို ကျင်းပသည်။



အဆိုပါအလွတ်တန်းနှင့် လူငယ်စစ်တုရင်ပြိုင်ပွဲသို့ မြိတ်မြို့နယ်အတွင်းမှ စစ်တုရင်အားကစားသမား၊ အမျိုးသား အမျိုးသမီး(၁၈)နှစ်အောက်ပြိုင်ပွဲ ခုနစ်ဦး၊ (၁၈)နှစ်အထက် ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၂၈ ဦးတို့ ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲကို ဩဂုတ် ၃၀ ရက်မှ ၃၁ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ညောင်လေးပင်မြို့၌ သဘာဝရေပြင်အတွင်း ငါးသားပေါက် စိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**ညောင်လေးပင် ဩဂုတ် ၃၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ဒေသအတွင်းငါးသယံဇာတ တိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်မှုမှကာကွယ်ရန်အတွက် ငါးသားပေါက်စိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့က ဝါးရုံကုန်းကျေးရွာ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးထိန်ဝင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သဘာဝရေပြင်အတွင်းသို့ ပဲခူးငါးသားဖောက်စခန်းမှ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၅၀၀၀၀ ကို ဝါးရုံကုန်းချောင်းအတွင်းသို့ ငါးသားပေါက်စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**စွမ်းထက်(ညောင်လေးပင်)**

## သရက်မြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (သရက်)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

**သရက် ဩဂုတ် ၃၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က ကျင်းပခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားသည်။

ထို့နောက် သရက်ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေအကြောင်း ရှင်းလင်းဟောပြောပြီး လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဗဟိုဌာနက ဖြန့်ဝေသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေး အသိပညာပေး ဗီဒီယိုကို ပြသသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က "လူငယ်များဖတ်ရှုသင့်သော အတ္ထုပ္ပတ္တိစာပေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သူဇာထွန်းက "ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အမှတ်(၁၉) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ကျော်ဇောက "ယာဉ်စည်းကမ်း လမ်းစည်းကမ်း" တို့ကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲ ဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် အရည်အချင်းသတ်မှတ်ချက်ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | နေရာ | ပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ခ) | ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၁၅)နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ |
| (ဂ) | ယာဉ်မောင်း-၅ (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | (၁၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ ယာဉ်မောင်းလိုင်စင်(ခ) အဆင့်ရှိသူဖြစ်ရမည်။ |
| (ဃ) | အကောက်ခွန်ထိန်း (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၄၀)နေရာ | အခြေခံပညာအထက်တန်းအဆင့် ဖြစ်ရမည်။ |

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) အပိုဒ် ၁၊ (က)(ခ) ပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၈) နှစ်ထက် မကျော်လွန်စေရ။

(ဃ) အပိုဒ် ၁၊ (က)(ခ) ပါရာထူးနေရာများအတွက် လက်ရှိအကောက်ခွန်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော နေ့စားဝန်ထမ်းများ ဖြစ်ပါက ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက် (၄၅)နှစ်ထက် မကျော်လွန်စေရ။

(င) အပိုဒ် ၁၊ (ဂ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်စေရ။

(စ) အပိုဒ် ၁၊ (ဃ) ပါ ရာထူးနေရာအတွက် လျှောက်ထားသူများသည် ၃၁-၇-၂၀၂၅ ရက်နေ့တွင် အသက်(၂၅) နှစ်ထက် မကျော်လွန်စေရ။

(ဆ) အပိုဒ် ၁၊ (ဂ)(ဃ) ရာထူးနေရာများအတွက် အမျိုးသားများသာ လျှောက်ထားနိုင်သည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ

(ဃ) အပိုဒ် ၁၊ (က)(ခ) ပါရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မူရင်း/မိတ္တူ

(င) အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ နှင့် ယာဉ်မောင်း လိုင်စင် မူရင်း/မိတ္တူ

(စ) အပိုဒ် ၁၊ (ဃ) ပါ ရာထူးအတွက် ပညာအရည်အချင်းစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ

(ဆ) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ' ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်

(ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ည) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်း/ မိတ္တူ (အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်) (သက်တမ်းတိုးပြီး)

၅။ အပိုဒ် ၁၊ (က)(ခ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၆။ အပိုဒ် ၁၊ (ဂ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အပိုဒ် ၁၊ (ဃ) ပါ ရာထူးအတွက် လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည် ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ ရေကူးကျွမ်းကျင်မှုနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၈။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက် ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ် (၂၀၅/၂၁၁)၊ ၄၉-လမ်းနှင့် လမ်း-၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)**တွင် လာရောက် ထုတ်ယူနိုင်ပါသည်။

၉။ လျှောက်လွှာများ လက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတား မြို့နယ်မှ ပေးပို့လာသည့် အလလခ (ပုံစံ-၆)တွင် အမည်စာရင်းပါရှိသူများ၏ လျှောက်လွှာများကိုသာ ၂၀-၁၀-၂၀၂၅ ရက်နေ့မှ ၂၄-၁၀-၂၀၂၅ ရက်နေ့အထိ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ **လူကိုယ်တိုင်**လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်း နှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)ရှေ့** ကြော်ငြာ**သင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉-လမ်းနှင့် လမ်း-၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (အကောက်ခွန်သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၂။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့်အတူ လျှောက်လွှာ လက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၃။ ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအလိုက် တင်ပြရန်လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာ ကျောင်း၏ ထောက်ခံချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်) စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/၄၁ H)၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဗိုလ်ဥတ္တမ (၁)လမ်း၊ မြေကွက်အမှတ် (၁၂၇၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဗိုလ်ကြီးမင်းနိုင် (ရေ/၁၂၉၁) (အမ်အမ်အို- ၂၆၇၅၅၆) (၁၁/သတန (နိုင်) ၀၁၁၁၈၄) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်တင် (၁၂/တကန (နိုင်) ၀၉၃၁၃၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးကျော်စိုးဦး
LL.B,
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

---

## မိခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-တရနာကျောင်း၊ Grade-12 မှ မစုမြတ်မွန်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာအေး ၁၀/ကမရ(နိုင်) ၂၂၃၂၃၇ ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ အထက(ခွဲ)၊ လင်းလည်ကျောင်းတွင် အငယ်တန်းစာရေး တာဝန်ထမ်းဆောင်နေသော ဒေါ်စန်းစုလှိုင် ၈/မသန(နိုင်)၀၈၀၂၁၄ ၏ အမည်မှာ ဒေါ်စန်းစုလှိုင်နှင့် ဒေါ်ဆန်းစုလှိုင် ဟူ၍ အမည်နှစ်မျိုးကွဲလွဲနေသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4S/3542 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## မွေးသက္ကရာဇ်အမှန်

လေးမျက်နှာမြို့နယ်၊ ကြီးပေါက်ကုန်းအုပ်စု၊ မြင်းကုန်းကျေးရွာ၊ (ဘ)ဦးအေးထွန်း ၁၄/လမန(နိုင်) ၀၈၁၅၀၃ ၏သား မောင်သူရိန်ထွန်း ၁၄/လမန(နိုင်)၁၂၉၈၉ ၏မွေးသက္ကရာဇ် အမှန်မှာ ၄-၇-၁၉၉၉ ဖြစ်ပါကြောင်း။

**မောင်သူရိန်ထွန်း**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထကခွဲ ကျွန်းကြီး၊ G-9 မှ မနှင်းဝေဝေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင် ၁၄/မမက(နိုင်)၁၆၂၅၁၈ ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/9765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20U/8790 BAJAJ MAXIMA -Z T/W အားစစ်တွေမြို့၊ ရေချမ်းပြင်ကျေးရွာ ရပ်ကွက်နေ ဦးမောင်ဇော်လင်း ၁၁/စတန(နိုင်) ၀၈၂၇၇၇က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/4129 TVS King 200 T/W အားစစ်တွေမြို့၊ ရွာကြီးမြောက်ရပ်ကွက်နေ ဝင်းမာဦး ၁၁/စတန(နိုင်)၀၆၃၉၅၁ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8293၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 25W/27410 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၇/ပတတ(နိုင်) ၀၈၇၁၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/80282 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၁၄/ညတန(နိုင်) ၀၉၉၂၁၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်**

## အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/8359 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁/၁၁)ရပ်ကွက်၊ ဗိုလ်စိန်မှန်လမ်း၊ အမှတ် ၂၈၅ ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးအေးချို (KMYT-၀၀၅၉၁၉)အမည်ဖြင့် ချထားပေးသည့် ဂရန်မြေအမျိုးအစား ခြံမြေကွက်အနက် အလျားxအနံပေ(၂၃x၆၀)ရှိ ခြံမြေကွက်နှင့် လူနေအဆောက်အအုံအပါအဝင်တို့အား ဦးအေးချိုမှ မိမိသာလျှင်အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှဝယ်ယူရန်သဘောတူညီပြီးရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကိုမင်း(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၂၉)**
**(၁/၁၂/၄၀၂) ၊ ရွှေဥဒေါင်းလမ်း၊ လှိုင်သာယာမြို့နယ်**
**ဖုန်း-၀၉-၇၈၆၀၂၃၉၃၀**

## ကျောင်းသူအမည်မှန်

ပေါင်မြို့နယ်၊ အမက(မူလွန်)၊ ဇာကဒွန်း(၁)ကျောင်းမှ (ဘ)ဦးပြည့်ဖြိုးမောင်၏သမီး မပြည့်ချယ်ရီသွန်း Grade-3(သင်ဆဲ)ကျောင်းဝင် အမှတ်(၀၃၆၇)အမည်မှန်မှာ မပြည့်ခွန်းချို ဖြစ်ပါကြောင်း။

**မပြည့်ခွန်းချို**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အထက (ကိုးပင်)၊ Grade-9မှ မောင်ထူးဝေလင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဦး ၈/ဆပဝ(နိုင်)၀၁၆၆၃၁ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ဦး**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(၁)၊ Grade-12 ကျောင်းဝင်အမှတ် F-၅၁၄၂ မောင်ဟန်လင်းထက်၏ ဖခင်အမည်မှန်မှာ ဦးသက်လင်းအောင် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၈-၁-၂၀၀၇ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ် ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းဆန်း (ဘ)ဦးမောင်မြင့် ၁၃/နခတ(နိုင်)၀၀၂၃၂၂၏မွေးသက္ကရာဇ် အမှန်မှာ ၁၆-၂-၁၉၆၄ ရက်ဖြစ်ပါကြောင်း။

## အမည်မှန်

ပြင်ဦးလွင်မြို့၊ VEA ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ (ဘ)ဦးမျိုးသန့် ၉/အမရ(နိုင်) ၀၈၉၆၁၇၏ သားဖြစ်သူ မောင်စိန်၏ အမည်မှန်မှာ မောင်မောင်စိန် ဖြစ်ပါသည်။

**မောင်မောင်စိန်**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ VEA ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-12 မှ မဇီဝေညွန့်၏ ဖခင်အမည်မှန်မှာ ဦးဟေးဝူး ၁၃/မဆတ(နိုင်) ၀၈၅၄၃၇ ဖြစ်ပါသည်။

**ဦးဟေးဝူး**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-တရနာကျောင်း၊ Grade-12 မှ မိအိတွယ်တာအောင်၏ ဖခင်အမည်မှန်မှာ မင်းထိန်လင်း ၁၀/ကမရ(နိုင်)၀၁၄၆၃၂ ဖြစ်ပါကြောင်း။

**မင်းထိန်လင်း**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-တရနာကျောင်း၊ Grade-12 မှ မိစန်းစန်းဦး၏ ဖခင်အမည်မှန်မှာ ဦးမြမွေး ၁၀/ကမရ(နိုင်)၀၆၆၉၆၆ ဖြစ်ပါကြောင်း။

**ဦးမြမွေး**

## အမည်မှန်

ဦးသောင်းရင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ)၊ အလက(၆)၊ Grade-4မှ မသိမ့်သဇင်ချို၏ အမည်မှန်မှာ မသိမ့်သံစဉ်ချို ဖြစ်ပါကြောင်း။

**မသိမ့်သံစဉ်ချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/27337 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်လင်းဖြိုး ၉/ခမစ(နိုင်) ၀၆၃၃၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

စာအုပ် စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
## ဝန်ထမ်းများလျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
## (၂၀၂၅ ခုနှစ်၊ စက်တင်ဘာ လ ၁ ရက်)

၁။ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်း ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ | ပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၄၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။ |
| (ခ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၃ နေရာ | အခြေခံပညာအလယ်တန်း အောင်မြင်ပြီး သူဖြစ်ရမည်။ |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ) အမှတ်စဉ်(၁)(က) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁၀-၂၀၂၅ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀)ထက် မကျော်လွန်သူ ဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ ဤဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပါက အသက် (၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) အမှတ်စဉ် (၁)(ခ) လျှောက်ထားလိုသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၁၀-၂၀၂၅ ရက်တွင် အသက် (၁၈)နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပယ်(Dismissal)ခြင်း၊ ရာထူးမှထုတ်ပယ် (Removal)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြရမည်-

(က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်

(ခ) မွေးသက္ကရာဇ်(အသက်)

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်

(င) အဖအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(စ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်ရာထူးနှင့် ဌာန

(ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်နှင့် မှတ်ပုံတင်သည့်ရက်စွဲ

(ဇ) ဆက်သွယ်ရန်လိပ်စာနှင့် တယ်လီဖုန်းအမှတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ(အပြည့်အစုံ)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) အမှတ်စဉ်(၁)(က) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်မိတ္တူ (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။) (အခြားကျွမ်းကျင်မှုဆိုင်ရာ သင်တန်းအောင်လက်မှတ်များရှိပါက မိတ္တူပူးတွဲတင်ပြရန်)၊

(ခ) အမှတ်စဉ်(၁)(ခ) ပညာအရည်အချင်းအတွက် အခြေခံပညာ အလယ်တန်းအောင် လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဂ) အမှတ်စဉ်(၁)(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(ဃ) အမှတ်စဉ်(၁)(က)(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)

(စ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ (၁)လအတွင်းရရှိသည့် ထောက်ခံချက်မူရင်း

(ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ကျန်းမာရေးဦးစီးဌာန၏ ဆေးထောက်ခံစာမူရင်း

(ဇ) လွန်ခဲ့သော (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ ($1\frac{1}{2}$"x$1\frac{3}{4}$") (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)

(ဈ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(ည) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာနနှင့် အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာန၏ ခွင့်ပြုမိန့်မူရင်း

၅။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံများအား အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်၊ မြို့နယ်ရုံးများတွင် ထုတ်ယူလျှောက်ထားနိုင်သည်။

၆။ လျှောက်လွှာများကို အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်၊ မြို့နယ်ရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပြီး ၁၅-၁၀-၂၀၂၅ ရက် ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားရမည်။ သတ်မှတ်ချက် မကိုက်ညီသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၂-၁၀-၂၀၂၅ ရက်နှင့် ၂၃-၁၀-၂၀၂၅ ရက် ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အမှတ်စဉ်(၁)(က) လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာဘာသာရပ်၊ လူတွေ့(နှုတ်ဖြေ)စသည့် အရည်အချင်းစစ် စာမေးပွဲအား ဖြေဆိုရမည် ဖြစ်ပါသည်။

၉။ အမှတ်စဉ်(၁)(ခ) လျှောက်ထားသူများသည် လူတွေ့(နှုတ်ဖြေ)ဖြေဆိုရမည် ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ်တို့ကို အလုပ်ရုံနှင့်အလုပ်သမား ဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်၊ ရုံးအမှတ်(၅၁)၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်၊ မြို့နယ်ရုံး ကြော်ငြာသင်ပုန်းများတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။

၁၁။ အရည်အချင်းစစ်စာမေးပွဲအစီအစဉ်-

**အငယ်တန်းစာရေးရာထူး**

(က) ၂၅-၁၀-၂၀၂၅ ရက်၊ နံနက် ၀၉:၃၀ နာရီမှ ၁၁:၃၀ နာရီအထိ အထွေထွေ ဗဟုသုတမေးခွန်းလွှာ၊ မွန်းလွဲ ၁၃:၀၀ နာရီမှ ၁၅:၀၀ နာရီအထိ အင်္ဂလိပ်စာ မေးခွန်းလွှာ၊

(ခ) ၂၆-၁၀-၂၀၂၅ ရက်၊ နံနက် ၀၉:၃၀ နာရီမှ ၁၀:၃၀ နာရီအထိ ကွန်ပျူတာ စစ်ဆေးခြင်း၊ မွန်းလွဲ ၁၂:၀၀ နာရီမှ ၁၆:၃၀ နာရီအထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း၊

**ရုံးအကူရာထူး**

(က) ၂၆-၁၀-၂၀၂၅ ရက်၊ နံနက် ၀၉:၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၁၂။ အရည်အချင်းစစ်ဆေးရေးစာမေးပွဲကို ရုံးအမှတ်(၅၁)၊ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးရာ ဌာနခွဲ ဖုန်း ၀၆၇-၃၄၃၀၃၉၂ နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်/စက်မှုဇုန်/အထူးစီးပွားရေးဇုန်၊ မြို့နယ်ရုံးများသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန**
**အလုပ်သမားဝန်ကြီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၆-ခ/၂၊ ခေမာသီရိ)၊ ဦးပိုင်အမှတ်(၁၁၀/က)၊ မြေဧရိယာ၀ ဒသမ ၀၅၇ ဧကရှိ မြေကွက်သည် မူလကဦးဝင်းမြင့်၊ ဒေါ်သီတာနွယ်အမည်ဖြင့် (၅-၁-၂၀၃၄) ရက်အထိ မြေငှားဂရန် အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူဦးဝင်းမြင့်၊ ဒေါ်သီတာနွယ်တို့ထံမှ ဦးစူးရစ်ကဖူး(ခ)ဇော်မြင့်နှင့် ဒေါ်နန္ဒာအောင်တို့က ၅-၅-၂၀၂၅ ရက်စွဲပါစာချုပ် မှတ်ပုံတင်အမှတ်(၁၈၆/၂၀၂၅)ဖြင့်လည်းကောင်း၊ ဦးစူးရစ်ကဖူး(ခ)ဇော်မြင့်နှင့် ဒေါ်နန္ဒာအောင်တို့ထံမှ ဦးပိုင် (၁၁၀/က-၂)၊ မြေဧရိယာ၀ ဒသမ ၀၂၈ဧကအပိုင်းကို ဦးမီကီးက၂၂-၅-၂၀၂၅ ရက်စွဲပါစာချုပ်မှတ်ပုံတင် အမှတ်(၂၀၇/၂၀၂၅)ဖြင့်လည်းကောင်းအသီးသီးဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါ ဦးမီကီး ၁/မကန(ပြု)၀၀၀၄၄၁အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ် ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအားဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၄၂၅)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်အေးအေးမွန် ၉/ပမန(နိုင်)၀၁၅၂၂၅ မှမြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးတင့်ဝေ ၉/ပမန(နိုင်)၀၀၂၇၈၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးရဲထက်ဝင်း ၉/သပန(နိုင်)၀၅၉၉၀၀ ၏ ဇနီးဖြစ်သူ ဒေါ်ရွှေရည်မွန် ၆/ကလအ(နိုင်)၀၀၄၇၁၃ သည် ၈-၇-၂၀၂၂ ရက်မှစ၍ ၎င်း၏ဆန္ဒသဘောဖြင့် နေအိမ်မှထွက်သွားခဲ့ပြီး ယနေ့အထိ ကျွန်တော့်အား ဆက်သွယ်ခြင်းမရှိသဖြင့် ၎င်းအား ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲထက်ဝင်း ၉/သပက(နိုင်)၀၅၉၉၀၀**

---

### ဦးစည်သူထိုက် (ခ) ဦးစိုးထိုက် ၁၂/မဂဒ(နိုင်)၁၀၁၇၂၁ နှင့် အများသိစေရန် ကြေညာခြင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ မဲဘောင်-နောင်ပလိန်လမ်း၊ လှာကမြင်ကွက်သစ်တွင် နေထိုင်သူ ဒေါ်သက်နှင်းနှင်းစု ၉/မထလ(နိုင်)၂၆၃၈၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

လူကြီးမင်းဦးစည်သူထိုက် (ခ) ဦးစိုးထိုက်နှင့် အကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်သက်နှင်းနှင်းစုတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး ၅-၈-၂၀၁၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ တရားရုံးတော်၌ "ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ"တွင်လက်မှတ်ရေးထိုးခဲ့ကြပြီး တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်း၍ သမီးဖြစ်သူ မပိုးမြတ်မှူးခေတ် (၄) နှစ် ထွန်းကားခဲ့ပါကြောင်း သိရှိခဲ့ရပါသည်။ ထိုကဲ့သို့ အကြင်လင်မယားအဖြစ် ပေါင်းသင်းစဉ်ကာလအတွင်း လူကြီးမင်းနှင့် ကျွန်ုပ်အမှုသည်တို့၏ အတူတကွ ကြိုးပမ်းအားထုတ်မှုဖြင့် လက်ထပ်ပွားပစ္စည်းများစွာ တိုးပွားခဲ့သည့်အပြင် ယခုအခါ လူကြီးမင်းလုပ်ကိုင်နေသော လုပ်ငန်း၊ PEJERO (6C-8266) အဖြူရောင်ကား (၁) စီး၊ ဘားအံစက်မှုဇုန် (၁) ရှိ မြေကွက်အမှတ် (၅၅)၊ (၅၆)နှင့် အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းများ တိုးပွားခဲ့ပါသည်။ ထိုသို့လင်မယားနှစ်ဦးကြိုးပမ်းအားထုတ်မှုဖြင့် တည်ထောင်ထားသော မိသားစုဘဝအဆင်ပြေချော့မွေ့စေရန် အကြောင်းတရား ဖြစ်ပေါ်ခဲ့ပါသော်လည်း လူကြီးမင်းမှ ကျွန်ုပ်အမှုသည်အပေါ် စိတ်ဆင်းရဲသောကဖြစ်စေရန်နှင့် စိတ်လုံခြုံမှုကာကွယ်မှုမပေးနိုင်သော အပြုအမူများနှင့် အခြားသောအိမ်ထောင်ရေးပြစ်မှုများစွာကို အကြိမ်ကြိမ်ဖောက်ဖျက် ကျူးလွန်နေပါသဖြင့် အကျွန်ုပ်အမှုသည်မှ သမီးငယ်၏ မျက်နှာဖြင့်အကြိမ်ကြိမ်အခါခါ နားလည်သည်းခံပေးခဲ့ပါသော်လည်း လူကြီးမင်းမှ ခင်ပွန်းသည် ဝတ္တရားများနှင့် ဖခင်ဝတ္တရားများကို အခါအားလျော်စွာ ပျက်ကွက်လျက်ရှိပါသဖြင့် ယခုအခါ အကျွန်ုပ်အမှုသည်မှ လူကြီးမင်းအား အကြင်လင်မယားအဖြစ် ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါကြောင်းနှင့် တရားဝင်ကွာရှင်းပြတ်စဲနိုင်ရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ကို လူကြီးမင်းအား အသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်နှင့် PAJERO (6C-8266) နှင့်ပတ်သက်၍ အကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်သက်နှင်းနှင်းစု တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ လဲလှယ်ခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ အထက်ဖော်ပြပါ အကြောင်းအရာများကို ပြုမူဆောင်ရွက်ပါက အကျွန်ုပ်မှ အကျွန်ုပ်အမှုသည် လွှဲအပ်ညွှန်ကြားချက်ဖြင့် တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ လက်ထပ်ပွားပစ္စည်းများနှင့် ဦးစည်သူထိုက်(ခ)ဦးစိုးထိုက်၏ မည်သည့်ကိစ္စမျှ အကျွန်ုပ်အမှုသည်မှ ပတ်သက်မှုမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ဦးစည်သူထိုက်(ခ)ဦးစိုးထိုက် အပါအဝင် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သက်နှင်းနှင်းစု၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရည်မွန်ဇော် (LL.B) အထက်တန်းရှေ့နေ (စဉ် - ၅၅၇၈၂)**
**အမှတ် - ၅၉၊ ဒုတိယထပ်၊ ငမိုးရိပ် (၁၀) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း - ၀၉-၉၄၀၈၁၈၀၀၀**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ဆည်မြို့နယ်၊ အမက စပယ်တောကျောင်းမှ ဒုတိယမူလတန်းပြ ဒေါ်ခိုင်ဇာလွင်၏ ဖခင် အမည်မှာ တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်နှင့် အမှုထမ်းစာအုပ်တွင် ပါရှိသော ဦးမိုးမိုးနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ပါရှိသော ဦးတင်အောင်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမိုးမိုး(ခ)ဦးတင်အောင်မိုး**
**၉/ကဆန(နိုင်)၀၆၇၆၇၉**

---

### အင်္ဂလိပ်ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/3562 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/27064

Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင်မိုး ၅/ခဥတ(နိုင်)၀၆၂၁၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၈၈၈၀

ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ချိုဦး ၁၀/ပမန(နိုင်)၁၁၄၇၂၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၆၈၂၂

ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၁၀/မလမ(နိုင်)၃၂၁၀၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၄၃၆၈၅

ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၁၀/မလမ(နိုင်)၂၂၇၉၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/2384 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/2149 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/8931

ယာဉ်လက်ဝယ်ရှိသူ ဦးမရစ်လခေါင် ၁/မကန(နိုင်)၁၃၃၄၈၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(မြစ်ကြီးနား)**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/62134

Honda Dream 125 Motor Cycle ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းသီသီမိုး ၃/ကကရ(နိုင်)၂၃၀၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့ကရိတ်)ကော့ကရိတ်မြို့**

---

### ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ္မတီး) Grade-6 မှ မလဝန်းမေနှင့် အမက(သစ္စာ)၊ Grade-3မှ မစံရတီဖြိုး တို့၏ဖခင်အမည်မှန်မှာ ဦးပြည့်စုံအောင် ၁/မကတ(နိုင်)၁၆၀၀၇၈ ဖြစ်ပါကြောင်း။

**ဦးပြည့်စုံအောင်**

---

### ဖခင်အမည်မှန်

မိုးညှင်းမြို့၊ အထက(ခွဲ)နားခါ၊ Grade-12 မှ မဟန်ဇင်မြင့်၏ ဖခင်အမည်မှန်မှာ ဦးဝင်းပို ၁/မညန (နိုင်)၁၆၁၁၉၆ ဖြစ်ပါကြောင်း။

**ဦးဝင်းပို**

---

### မိဘအမည်မှန်

မိုးညှင်းမြို့၊ အထက(ခွဲ)နားခါ၊ Grade-11 မှ မသွယ်သွယ်လွင်၏ မိဘအမည်မှန်မှာ ဦးသက်မျိုးလွင် ၁/မညန(နိုင်)၀၈၁၆၀၃ နှင့် ဒေါ်ချိုသွယ် ၁/မညန(နိုင်)၀၈၉၁၀၇ ဖြစ်ပါကြောင်း။

**ဦးသက်မျိုးလွင်-ဒေါ်ချိုသွယ်**

---

### ဖခင်အမည်မှန်

မိုးညှင်းမြို့၊ အထက(ခွဲ)နားခါ၊ Grade-7 မှ မထက်ထက်မွန်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမြို့နိုင်ငွေး ၁/မညန(နိုင်)၀၃၉၀၉၉ ဖြစ်ပါကြောင်း။

**ဦးမြို့နိုင်ငွေး**

---

### ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-တရနာကျောင်း၊ Grade-12 တန်းမှ မိဝင်းစန္ဒာပိုင်၏ ဖခင်အမည်မှန်မှာ မင်းစိုးမင်း ၁၀/ကမရ(နိုင်)၀၇၃၄၄၇ ဖြစ်ပါကြောင်း။

**မင်းစိုးမင်း**

---

### ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-တရနာကျောင်း၊ Grade-12 တန်းမှ မိစုမြတ်ချော၏ ဖခင်အမည်မှန်မှာ မင်းမောင်မင်း ၁၀/ကမရ(နိုင်)၀၆၁၆၅၀ ဖြစ်ပါကြောင်း။

**မင်းမောင်မင်း**

## ကချင်ပြည်နယ်တရားလွှတ်တော် ပြည်နယ်တရားရေးဦးစီးမှူးရုံး မြစ်ကြီးနားမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်တရားလွှတ်တော် အဆောက်အအုံသစ် ၂၀၆ ပေ x ၁၅၃ ပေ၊ RC ၄ ထပ်၊ ပေါ်တီကိုအပါ ကြမ်းခင်းဧရိယာ ၁၁၇၆၉၂ စတုရန်းပေနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကချင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်း တည်ဆောက်ရေးလုပ်ငန်းရန်ပုံငွေများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောက်လုပ်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၃-၉-၂၀၂၅ ရက်၊ (ဗုဒ္ဓဟူးနေ့)

(ခ) **အရောင်းပိတ်မည့် ရက်၊ အချိန်** - ၁၇-၉-၂၀၂၅ ရက်၊ (ဗုဒ္ဓဟူးနေ့)၊ ညနေ ၄:၀၀နာရီ

(ဂ) **တင်ဒါပုံစံတင်ရမည့် နေရာ** - ကချင်ပြည်နယ် တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံး

(ဃ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့် ရက်၊ အချိန်** - ၁၈-၉-၂၀၂၅ရက်၊ (ကြာသပတေးနေ့)၊ ညနေ ၄:၀၀နာရီ

(င) **တင်ဒါဖွင့်မည့်ရက်** - တင်ဒါတင်သွင်းသူများထံ ဆက်သွယ် အကြောင်းကြားမည် ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင်ငွေကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၃-၉-၂၀၂၅ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံးတွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကချင်ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်တရားရေးဦးစီးမှူးရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း - ၀၉-၂၀၆၀၂၁၆၊ ၀၉-၇၅၅၂၂၈၂၅၅ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ (တင်ဒါခေါ်ယူခြင်း)

၁။ မြစ်ကြီးနားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်ကြီးနားမြို့၊ မြို့မရပ်ကွက်၊ ကွင်းအမှတ် (၁၈/မြို့မအရှေ့)၊ ဦးပိုင်အမှတ်(၁၄၄/ခ)အပါအဝင် မြေဧရိယာ ၁ ဒသမ ၉၃၃ဧကရှိ မြေကွက်ပေါ်တွင် ရေစင်ကွင်းဈေးအား ခေတ်မီအဆင့်မြင့်ဈေးအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် BOT စနစ်ဖြင့် (၁၀၀%) ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းများကို အောက်ပါအစီအစဉ်အတိုင်းရောင်းချသွားမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁-၉-၂၀၂၅ရက်၊ (တနင်္လာနေ့)

(ခ) **တင်ဒါ နောက်ဆုံး တင်သွင်းရမည့်ရက်** - ၁-၁၀-၂၀၂၅ရက်၊ (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်း ရမည့်နေရာ** - ကချင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ရုံး၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်အချက်အလက်များနှင့် လုပ်ငန်းစာရင်းများအား ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့တွင် လာရောက်ကြည့်ရှုနိုင်ပြီး ရုံးဖုန်း(၀၉-၈၉၆၄၀၀၉၉၁)သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**
**မြစ်ကြီးနားမြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာများပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အိမ်အမှတ်(၆)နေ ကွယ်လွန်သူ ဦးကောင်းဇန်၏ သမီးများဖြစ်ကြသော ကျွန်မဒေါ်အေးအေးငယ် ၁/မကန(နိုင်)၀၂၉၀၇၀၊ ကျွန်မ ဒေါ်စုစုလှိုင် ၁/မကန(နိုင်)၀၂၉၁၁၁၊ ကျွန်မ ဒေါ်သီတာခိုင် ၁/မကန(နိုင်)၀၂၉၀၆၉ တို့၏ ပိုင်ဆိုင်မှုအဝဝနှင့် အကျိုးခံစားမှုများ အားလုံးကို ဒေါ်မွန်ရည်အေး(ဘ) ဦးဇော်မင်း ၁/မကန(နိုင်)၀၂၉၀၁၇၊ ဒေါ်လဲ့ရည်မွန်(ဘ) ဦးဇော်မင်း ၁/မကန(နိုင်)၀၂၉၀၁၇တို့အား မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက် နိုတြီပဗ္ဗလခ်ရှေ့နေ ဦးမင်းသူထံတွင် ၂၈-၇-၂၀၂၅ ရက်(Doc.No. 1799/25) နှင့် (Doc.No1790/25) တို့အရ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာများကို ၂၈-၈-၂၀၂၅ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်သည်။

**ဒေါ်အေးအေးငယ်** **ဒေါ်စုစုလှိုင်** **ဒေါ်သီတာခိုင်**

## အမွေစား အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကချင်ပြည်နယ်၊ ချီဖွေမြို့ ၊ ဥက္ကာပ်ရပ်နေ ဦးချန်ဆောင်ယိန်းနှင့် ဒေါ်ဘောမ့်ဝမ် ၁/ခဖန(နိုင်)၀၀၁၉၆၇ တို့၏သားဖြစ်သူ ဦးယိန်းဒိန့် ၁/ခဖန(နိုင်)၀၀၆၉၇၈သည် မိဘနှစ်ပါးအား ဆဲဆိုကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် မိဘ၊ မောင်နှမ၊ ဆွေမျိုးများ စိတ်ဆင်းရဲစေရန် အမျိုးမျိုးပြုလုပ်ခြင်းများအပါအဝင် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုတို့ကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် အမွေစား အမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍တစ်စုံတစ်ရာ တာဝန်ယူမည်မဟုတ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -** **ဒေါ်ဘောမ့်ဝမ်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလဟီလွမ်းခေါင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀၂/၂၀၂၃)**
**အမှတ်(၄၀၆/၄၀၇)၊ မြို့သစ်ကြီးကွက်သစ်၊**
**မြစ်ကြီးနားမြို့**

## လေလံလျှောက်လွှာခေါ်ယူခြင်း

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဦးဘင်ဂျမင်(န်)ပိုင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ မြေကွက်အမှတ်(၅၈/၂၁၀)ရှိ မြေဧရိယာ၀ ဒသမ ၃၂ဧကနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံတို့အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂-၉-၂၀၂၅ ရက် ၊ နံနက် ၉:၃၀ နာရီ မှ ညနေ ၁၆:၀၀ နာရီထိ

**လေလံလျှောက်လွှာ ပိတ်သိမ်းရက်** - ၁၅-၉-၂၀၂၅ ရက်၊ ညနေ ၁၆:၀၀ နာရီထိ

**လေလံဖွင့်လှစ် ရောင်းချမည့်ရက်** - ၁၆-၉-၂၀၂၅ ရက်၊ နံနက် ၁၀:၀၀ နာရီ

**လေလံလျှောက်လွှာ များရောင်းချမည့်နေရာ** - မြစ်ကြီးနားမြို့နယ် သမဝါယမအသင်းစုရုံး၊ ရှောရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် ဝယ်ယူနိုင်ပါသည်။

**ဦးဘင်ဂျမင်(န်) ၁/မကန(နိုင်)၀၇၉၁၅၄**
**မန်ခိန်၊ စက်မှုဇုန်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၂၄၀၂၆၂၃၊ ၀၉-၇၈၄၈၂၈၈၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်ချက်စက်လမ်း၊ မုဒိတာအိမ်ရာ(၂)၊ 2B- 874 တိုက်ခန်းအား ဒေါ်သန်းသန်းဆင့် (ဘ) ဦးညွန့်မောင် ၈/မဘန(နိုင်)၀၀၇၇၃၈ မှ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် ကနဦး အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ဒေါ်သန်းသန်းဆင့်ထံမှ ၇-၃-၂၀၁၄ ရက်တွင် ဒေါ်အိဖြူစင်(ဘ)ဦးကျော်အေး ၉/လဝန(နိုင်) ၁၃၅၈၀၀ မှ ဝယ်ယူခဲ့၍ ဒေါ်အိဖြူစင်အမည်ဖြင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် အမည်ပေါက်ပိုင်ဆိုင်ထားပါသည်။ ကျွန်ုပ်၏အမှုသည် ဦးကျော်စိုးဝင်း (ဘ) ဦးအောင်ငြေး ၁၂/ဗတထ(နိုင်)၀၀၄၄၆၄ သည် ဒေါ်အိဖြူစင်ထံမှ ၂၈-၅-၂၀၁၇ တွင် ထပ်မံဝယ်ယူခဲ့ပါသည်။ ယခုအခါယင်းတိုက်ခန်းအား ဦးကျော်စိုးဝင်း အမည်ပေါက်ပြောင်းလဲရန်အတွက် ဒေါ်အိဖြူစင်နှင့်ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရရှိပါ။ ထို့ကြောင့် တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင် ဦးကျော်စိုးဝင်း အမည်ပေါက်ပြောင်းလဲမည်ဖြစ်ပါသဖြင့် အမည်ပေါက် ပြောင်းလဲရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်(၃၀)အတွင်း တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင်လည်းကောင်း၊ ကျွန်ုပ်ထံတွင်လည်းကောင်း စာရွက်စာတမ်း (မူရင်း) အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေစုနိုင် (LL.B),(D.I.L),(D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၀၁၁)(၂၉-၅-၂၀၁၅)**
**၂အေ-၃၈၂၊ မုဒိတာအိမ်ရာ(၂) ရွာမအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉၇၉၅၄၉၉၇၈၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ ဇုန်(ဘီ)၊ တိုက်အမှတ် (ဘီ-၁)၊ အခန်းအမှတ်(၆၁၆)၊ တိုက်ခန်းအမျိုးအစား (3-Bedroom)၊ ခန့်မှန်းကြမ်းခင်းဧရိယာ (၁၂၆၁) စတုရန်း ပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးမောင်ကြီး ၇/ပခန(နိုင်)၀၈၅၉၈၃တို့ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေဇင်နွယ်**
**၁၂/လသန(နိုင်)၀၁၉၀၂၇**
**ဖုန်း-၀၉-၇၉၅၉၅၈၇၁၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မြစ်ကြီးနားမြို့နယ်တရားရုံးတော် ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁

ဦးလောကီး နှင့် ဒေါ်စိုးမိုးခိုင်
**(တရားလို)** **(တရားပြိုင်)**

မြစ်ကြီးနားမြို့၊ အမှတ်(၇/၃၁၃)၊ ပမ္မတီးရပ်ကွက်နေ ဒေါ်စိုးမိုးခိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်ပေါ်၌ တရားလို ဦးလောကီးက "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားကွာရှင်းပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (၁၃၈၇ ခုနှစ်၊ တော်တလင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (လေး)ရက်က တင်သွင်း ရမည်။

၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေမာသင်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## ရွှေတိဂုံစေတီတော် ၂၀၂၆ ခုနှစ် ပြက္ခဒိန်ရိုက်နှိပ်ခြင်းလုပ်ငန်း ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သည် ၂၀၂၆ ခုနှစ် ရွှေတိဂုံစေတီတော် ပြက္ခဒိန်ဆိုဒ်ကြီး စောင်ရေ(၃၀၀၀၀)နှင့် ပြက္ခဒိန်ဆိုဒ်သေးစောင်ရေ(၂၀၀၀၀) ရိုက်နှိပ်မည်ဖြစ်ပါသည်။ ပြက္ခဒိန်ရိုက်နှိပ်လိုသူများသည် လုပ်ငန်းဈေးနှုန်းအဆိုပြုလွှာပုံစံ၊ ပြက္ခဒိန်ဆိုင်ရာ အသေးစိတ်အချက်အလက်များ နှင့် တင်ဒါ စည်းကမ်းချက်တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်း (ကျပ်တစ်သောင်းတိတိ)ဖြင့် ဂေါပကအဖွဲ့ရုံး၊ ဗဟိုသိုလှောင်ရေးဌာန၌ အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်၊** ၈-၉-၂၀၂၅ ရက်မှ ၁၂-၉-၂၀၂၅ ရက်၊ ညနေ ၁၅:၀၀ နာရီအထိ

**တင်ဒါဖွင့်ဖောက်မည့်ရက်၊** ၂၅-၉-၂၀၂၅ ရက် (ကြာသပတေးနေ့)၊ နေ့လယ် ၁၃:၀၀ နာရီ

အသေးစိတ်သိရှိပါက ဖုန်း-၀၁-၃၇၁၀၈၉ ၊ ၀၁-၃၈၃၅၀၁ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၊ အထက-မိုင်းကိုင် လ/ထ-မူပြ ဒေါ်နန်းမိုခမ်း ၁၃/မကန(နိုင်) ၀၅၁၄၆၉ ၏ဖခင် ဦးမောင်ပု(ခ)စိုင်းမောင်ပု(ခ)ဦးစိုင်းမောင်ပုမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ ဘူးကျေးရွာနေ မောင်ထက်ပိုင်အောင် ၈/စတရ(နိုင်)၀၄၂၆၆၆ ၏ မိခင် အမည်မှန်မှာ ဒေါ်မြင့်မြင့်ငွေး ၈/စတရ(နိုင်) ၀၀၄၁၅၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၁)၊ Grade-12(A) မှ နန်းခမ်းစိန်၏ ဖခင် အမည်မှန်မှာ ဦးခွန်ပန်းအောင် ၁၃/တကန (နိုင်)၁၅၈၈၉၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်မ ယောက်လွန်း ၁၃/မကထ (နိုင်)၀၀၀၈၆၄ ၏ နိုင်ငံကူး လက်မှတ်အမှတ် (MJ-106355) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။

**ဖုန်း-၀၉-၄၂၃၀၀၈၀၉၂**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကျောက်တလုံးကြီးမြို့နယ်၊ ထီရီးကျေးရွာနေ မောင်ခွန်အောင်ပိုင် ၁၃/တကန(နိုင်)၃၉၃၄၂၈ ၏ ဖခင်အမည်မှန်မှာ ဦးသွင် ၁၃/ဆဆန (နိုင်)၀၁၇၀၈၃ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ဃ/၁၉၇၆၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀) လပွတ္တာမြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇

ဒေါ်ဖြူဇင်ထွန်း နှင့် ဦးကျော်ဟိန်း
**(တရားလို)** **(တရားပြိုင်)**

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ (၃)မိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ပိတောက်လမ်းနေ တရားပြိုင် ဦးကျော်ဟိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဇင်ထွန်းက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြိုးမင်းထက်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လပွတ္တာမြို့နယ်တရားရုံး**

## ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ ဦးဇေယျာစိုး ၁၂/မဘန(နိုင်)၁၂၉၅၆၇ (ဘ)ဦးမြင့်သိန်း နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်နေ ဒေါ်သူဇာကျော် ၁၂/လကန(နိုင်) ၂၇၆၂၅၂ (ဘ)ဦးသောင်းနိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးဇေယျာစိုးနှင့် ဒေါ်သူဇာကျော်တို့သည် ၁၀-၈-၂၀၁၄ ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သား(၁)ဦးထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်တို့ပေါင်းသင်းကြစဉ်ကာလအတွင်း စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့သည့်အပြင် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် ၃၁-၈-၂၀၂၅ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ ကျွန်ုပ်၏အမှုသည်တို့သည် ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ မည်သို့မျှ ပတ်သက်သက်ဆိုင်ခြင်းမရှိတော့သည့်အတွက် တစ်ဦးနှင့်တစ်ဦး စိတ်အနှောင့်အယှက်ဖြစ်စေရန် နှောင့်ယှက်ခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများအား ဝင်ရောက်စွက်ဖက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ဖြစ်စေ၊ မရည်ရွယ်၍ဖြစ်စေ ပြုမူခြင်း၊ ပြောဆိုခြင်း၊ ဆိုရှယ်မီဒီယာတစ်ခုခုတွင် ရေးသားခြင်းများ မပြုလုပ်ကြရန်နှင့် တစ်ဖက်ဖက်မှ တစ်နည်းနည်းဖြင့် ပြုမူဆောင်ရွက်ကြောင်း သိကြား တွေ့ရှိရပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဇင်မာဝေ (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၇)**
**အမှတ်(၂၃/ခ)၊ တောရကျောင်း(၁)လမ်း၊ မြောက်ပိုင်းရပ်ကွက်၊ ထောက်ကြန့်၊**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၈၈၉၄၀၄၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကြူစမ်းရပ်ကွက်၊ ရွာမကျောင်းလမ်း၊ အမှတ်(၁၂၃) ဟု ခေါ်တွင်သော (၂၀ x ၈၅)ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်လှိုင် ၁၂/သကတ (နိုင်) ၁၀၉၁၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ဒေါ်ဖြူဖြူအေး ၁၄/ပသန(နိုင်)၂၉၂၅၆၂**
**ဦးမျိုးမင်းဦး ၈/ရနခ(ပြု)၀၀၀၀၂၂ တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြိုးပိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ပထမထပ်(၇)လမ်း၊ (၃/ခ)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၉၁၁၈၇၅၄၁၊ ၀၉ -၇၉၇၇၅၃၀၇၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်
## (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်မှူး (လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူး ကျား (၆)နေရာ၊ မ (၄) နေရာ၊ စုစုပေါင်း (၁၀)နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁ - ၇ -၂၀၂၅ ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဆ) အောက်ပါဘာသာရပ်များဖြင့် မဟာဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်-

**စဉ် ဘွဲ့အမည်**

(၁) မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) [M.A (English)]

(၂) နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှချီးမြှင့်သော မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်ဘာသာ/ထိုင်းဘာသာ/ဂျပန်ဘာသာ/ကိုရီးယားဘာသာ/တရုတ်ဘာသာ/ပြင်သစ်ဘာသာ/ရုရှားဘာသာ/ဂျာမန်ဘာသာ) [M.A (English, Thai, Japan, Korea, China, French, Russia, German)]

(၃) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေးပညာ)[M.A (IR)]

(၄) မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com)/ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ (Eco)] / စာရင်းအင်းပညာမဟာဘွဲ့ [M.Econs.(Stats)]/ စာရင်းကိုင်ပညာ မဟာဘွဲ့ (M.Act)/ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့ (M.DevS)/စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MPA)

(၆) စိုက်ပျိုးရေးသိပ္ပံမဟာဘွဲ့ [M.Agr.Sc (Agriculture Science)]

(၇) မဟာသိပ္ပံဘွဲ့(ပတ်ဝန်းကျင်) [ M.Sc (Environmental Science)]

(၈) တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ [M.V.Sc. (Pathology)]/ [M.V.Sc. (Microbiology)]

(၉) မဟာအင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ)[M.E (Information Science and Technology)]

(၁၀) မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) [M.E (Information Technology)]

(၁၁) မဟာအင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [M.E (Computer Engineering)]

(၁၂) မဟာအင်ဂျင်နီယာဘွဲ့(ချည်မျှင်နှင့်အထည်) [M.E. (Textile)]

(၁၃) မဟာကွန်ပျူတာသိပ္ပံဘွဲ့(M.C.Sc)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [M.Sc(Computer Science)]

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) ကိုယ်ရေးလျှောက်လွှာ

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက် မဟာဘွဲ့လက်မှတ်မူရင်း/ မိတ္တူ

(စ) (၂) လ အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓာတ်ပုံနှစ်ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ လျှောက်လွှာများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက်ရယူလိုပါက ၈-၁၀-၂၀၂၅ ရက်နေ့မှ ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ အစိုးရရုံးဖွင့်ရက်များတွင် အမှတ်(၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးများတွင်** လာရောက်ထုတ်ယူနိုင်ပါသည်-

| | | | |
|---|---|---|---|
| မြစ်ကြီးနား | ၀၇၄-၂၅၂၃၇၆၃ | လွိုင်ကော် | ၀၈၃-၂၂၂၁၁၇ |
| မြဝတီ | ၀၅၈-၅၀၀၂၄ | ဘားအံ | ၀၅၈-၂၁၈၀၈ |
| ဟားခါး | ၀၇၀-၂၁၈၀၉ | မော်လမြိုင် | ၀၅၇-၂၀၂၁၀၆၉ |
| ကျောက်ဖြူ | ၀၄၃-၄၆၀၉၈ | စစ်တွေ | ၀၄၃-၂၀၂၁၀၁၉ |
| လားရှိုး | ၀၈၂-၂၂၀၃၀၆၈ | မူဆယ် | ၀၈၂-၅၀၅၂၄ |
| တောင်ကြီး | ၀၈၁-၂၁၂၁၁၅၈ | ကျိုင်းတုံ | ၀၈၄-၂၁၀၀၂၈ |
| တာချီလိတ် | ၀၈၄-၅၁၀၀၅ | မိုင်းဆတ် | ၀၈၄-၆၀၁၇၃ |
| မုံရွာ | ၀၇၁-၂၁၁၆၁ | မြိတ် | ၀၅၉-၄၁၀၀၂ |
| ထားဝယ် | ၀၅၉-၂၀၂၁၂၀၃ | ကော့သောင်း | ၀၅၉-၅၁၀၀၅ |
| ပဲခူး | ၀၂၅-၆၅၄၅၅ | မကွေး | ၀၆၃-၂၈၇၁၆ |
| မန္တလေး | ၀၂-၄၀၇၀၃၂၇ | ပုသိမ် | ၀၄၂-၂၁၀၀၈ |
| နေပြည်တော် | ၀၆၇-၃၄၁၀၀၆၀ | | |

၇။ စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို ၂၀ -၁၀-၂၀၂၅ ရက်နေ့မှ ၂၄ - ၁၀ -၂၀၂၅ ရက်နေ့အထိ **ရန်ကုန်မြို့ (အကောက်ခွန် သင်တန်းကျောင်း) နှင့် နီးစပ်ရာ အထက်ဖော်ပြပါမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး**များတွင် အပိုဒ်(၄)ပါစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားရမည် ဖြစ်သည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်း၊ ခုံအမှတ် တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)**ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ်(၂၀၅/၂၁၁)၊ ၄၉လမ်း နှင့်လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန် သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော **www.customs.gov.mm နှင့် www.maccs.gov.mm**၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အကောက်ခွန်မှူး(လစာနှုန်းကျပ် ၂၁၆,၀၀၀-၂၀၀၀-၂၂၆,၀၀၀) ရာထူးနေရာများတွင် ခန့်အပ်တာဝန်ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။

၁၂။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၃။ အကောက်ခွန်ဦးစီးဌာနရှိ ပညာရပ်နှင့်သက်ဆိုင်သောဌာနခွဲများ၌ (၅)နှစ် တာဝန်ထမ်းဆောင်ရန် စာချုပ်ချုပ်ဆိုရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ချိန်ပြည့်ပြီးမှသာ အခြားဌာနခွဲနှင့် အခြားနယ်မြေရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၁၄။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၅။ လူတွေ့စစ်ဆေးချိန်တွင် မူရင်းလက်မှတ်များဖြစ်သော ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို ထပ်မံတင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

**အကောက်ခွန်ဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## လူငယ်ရေးရာဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/ လစာနှုန်းကျပ် | ခန့်ထားမည့် နေရာ | အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက် |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ကျား( ၅ ) နေရာ<br>မ ( ၃ ) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိရမည်။<br>ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ကျား( ၅ ) နေရာ<br>မ ( ၃ ) နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိရမည်။<br>ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။ |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဂ) လျှောက်ထားသူသည် ၃၀ - ၉ -၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်များသို့သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါကအနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) စာမေးပွဲဝင်ကြေးငွေကျပ်(၁၀၀၀)(ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ်(MD-014474)သို့ ပေးသွင်းရမည်ဖြစ်ပြီး၊ "လူငယ်ရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူးရာထူး၊ အငယ်တန်းစာရေးရာထူး အတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

(ဆ) လာရောက်လျှောက်ထားသူများသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)ခံရသူများနှင့် နုတ်ထွက်ခဲ့သူများမဖြစ်စေရ။

၃။ လျှောက်လွှာပုံစံကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mm တွင် Download ရယူပြီး လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရမည်)၊

(ဂ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(ဃ) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ကာလာဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

(င) တစ်လအတွင်း ပြုလုပ်ထားသည့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းထောက်ခံချက်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် တစ်လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း၊

(ဆ) စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း၊

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ လူငယ်ရေးရာဦးစီးဌာန၊ (နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း)သို့ လိပ်မူကာ လူကိုယ်တိုင်လာရောက်၍ ၃၀ - ၉ -၂၀၂၅ ရက်နေ့ နောက်ဆုံးထားတင်သွင်းရပါမည်။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအမှူးထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာနသို့ ၂၀-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ကြိုတင်လျှောက်လွှာမိတ္တူ(၁)စောင်ကို ၎င်းလူငယ်ရေးရာဦးစီးဌာနသို့ ၁၅-၉-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်။

၇။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စာမေးပွဲဖြေဆိုရမည်။

၈။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို လူငယ်ရေးရာဦးစီးဌာန၊ ကြော်ငြာ သင်ပုန်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mmနှင့် လူငယ်ရေးရာဦးစီးဌာန Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၉။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဌာနမှ ဆက်သွယ် အကြောင်းကြားပါမည်။

၁၀။ သတ်မှတ်ရက်ထက်ကျော်လွန်၍ပေးပို့လာသည့် လျှောက်လွှာများ၊ စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၉-၄၅၀၅၄၁၁၈၂၊ ၀၉-၄၂၀၇၁၂၃၂၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လူငယ်ရေးရာဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ အနော်ရထာလမ်း၊ မြေကွက် အမှတ်(၁၂၉)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ဧက(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးညီညီလင်း၉/တကန(နိုင်) ၀၀၀၄၉၇အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသက်၁၂/သဃက(နိုင်)၀၃၉၂၇၂ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးသိန်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး- ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉ -၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ အနော်ရထာလမ်း၊ မြေကွက် အမှတ်(၁၂၃၀)၊ ပေ(၄၀x၆၀)၊ ၀ ဒသမ ၀၅၅ဧက(၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးညီညီလင်း ၉/တကန(နိုင်)၀၀၀၄၉၇ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသက်၁၂/သဃက(နိုင်)၀၃၉၂၇၂ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးသိန်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး- ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉ -၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မေတ္တာလမ်း၊ မြေကွက် အမှတ်(၁၀၀၀)၊ ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(အမှတ်-ဂရုဏာလမ်းဘက်ခြမ်း) ဖြစ်သည့်အမှတ်(၁၀၀၀/က-၂)၊ ပေ(၁၀x၆၀)ရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သိန်းသိန်းတင် (AA-၀၃၃၆၈၉) အမည်ပေါက်မြေချပါမစ်မိတ္တူ၊ အဆက်စပ်စာချုပ်စာတမ်းမူရင်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ထွန်း ၁၂/ဥကမ(နိုင်) ၁၆၅၈၂၃ မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မိတ္တူဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးသက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဦးဇော်မိုးလွင်LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**
**ရုံး- ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ -၄၄၄၄၃၅၃၅၃၊ ၀၉ -၂၅၆၂၈၆၃၉၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၇)၊ မပော်သခါလမ်း၊ အမှတ်(၈၃၇)ဟုခေါ်တွင်သော အလျား(၆၀)ပေ၊ အနံ(၄၀)ပေရှိ ဒေါ်တင်လေးနိုင် အမည်ပေါက်မြေကွက်မှ အမှတ်(၈၃၈)နှင့် ကပ်လျက်တည်ရှိသည့် တရားဝင်မခွဲစိတ်ရသေးသော အလျား(၆၀)ပေ၊ အနံ(၂၀)ပေရှိမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆင့်ဆင့် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးမြအေး ၁၂/ဥကမ(နိုင်)၂၃၀၇၁၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စကိုကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤ ကြော်ငြာစာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ် တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရဲရင့်နိုင်(LL.B) ဒေါ်ကေခိုင်ညွန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၆၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၁၂)**
**ဖုန်း - ၀၉- ၉၇၂၈၅၇၀၁၇ ဖုန်း -၀၉ ၉၅၄၆၆၁၂၆၂**
**ရုံး - အခန်း(၃)၊ တိုက်(၁၂)၊ အုတ်စက်ရိပ်သာ(၁)၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅၀)လမ်းနှင့်(၅၁)လမ်းကြားတွင် တည်ရှိသော မဟာနဝရတ်ကွန်ဒို၏ (၁၀)လွှာ၊ အခန်းအမှတ် (၁၀၀၁)၊ ဧရိယာ(၁၈၀၀) စတုရန်းပေ၊ မီတာ/ရေ/သီးသန့်၊ ကားပါကင်ကိုယ်ပိုင် ပါဝင်သော တိုက်ခန်းကို ဦးအောင်ကျော်မှူး ၅/မရန(နိုင်)၀၀၅၀၆၀မှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ဝန်ခံ၍ ကာလတန်ဖိုးတစ်ရပ်ဖြင့် အဆိုပြုကမ်းလှမ်းရာ ဦးကုရ်ဘာရ်အာလီ ၁၁/မတန(နိုင်)၀၃၀၅၂၃မှ ဝယ်ယူရန် သဘောတူညီပါသဖြင့်၂၄-၈-၂၀၂၅ရက်တွင်စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကုရ်ဘာရ်အာလီ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး(စဉ်-၃၀၈၀၇) အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၄၃၀၇၃၃၁၈၊ ၀၉-၄၂၉၃၃၃၃၂၄**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်တင်(စလင်း)
## အရာခံဗိုလ်(ဆေး)(ငြိမ်း)
## အသက်(၈၇)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး နှင့်ဇနီး ဒေါ်ညိုညိုသန်း၏ ချစ်လှစွာသောဖခင်ကြီး ဦးဟန်တင်၊ အရာခံဗိုလ်(ဆေး)(ငြိမ်း)သည် ၂၉-၈-၂၀၂၅ရက် (သောကြာနေ့)နံနက် ၀၉:၀၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်တင်(စလင်း)
## အရာခံဗိုလ်(ဆေး)(ငြိမ်း)
## အသက်(၈၇)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး နှင့်ဇနီး ဒေါ်ညိုညိုသန်း၏ ချစ်လှစွာသောဖခင်ကြီး ဦးဟန်တင်၊ အရာခံဗိုလ်(ဆေး)(ငြိမ်း)သည် ၂၉-၈-၂၀၂၅ရက် (သောကြာနေ့)နံနက် ၀၉:၀၅ နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဟန်တင်(စလင်း)
## အရာခံဗိုလ်(ဆေး)(ငြိမ်း)
## အသက်(၈၇)နှစ်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦး နှင့်ဇနီး ဒေါ်ညိုညိုသန်း၏ ချစ်လှစွာသောဖခင်ကြီး ဦးဟန်တင်၊ အရာခံဗိုလ်(ဆေး)(ငြိမ်း)သည် ၂၉-၈-၂၀၂၅ရက်(သောကြာနေ့)နံနက် ၀၉:၀၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**မွန်ပြည်နယ်**

### ဖခင်အမည်မှန်

ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ထက်ရှိန်းလင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုးအောင် ၇/လပတ(နိုင်)၁၁၀၉၂၄ ဖြစ်ပါကြောင်း။

**ဦးကျော်မိုးအောင်**

### မိခင်အမည်မှန်

ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ ဦးမြဦး၏သား မောင်ဟိန်းဇင်ကိုကိုနှင့် မောင်ဟိန်းဇင်ညီညီတို့၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်ဋ္ဌေး၊ ၁၄/လမန(နိုင်) ၀၀၁၁၇၂ ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်ဋ္ဌေး**

### မိခင်အမည်မှန်

ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှဦးမျိုးဇော်ဦး၏သမီး နော်ဇင်စီဝိုင်း၏ မိခင်အမည်မှန်မှာ နော်တင်ဝိုင်း ၁၄/ဟသတ(နိုင်)၁၉၈၂၅၃ ဖြစ်ပါကြောင်း။

**နော်တင်ဝိုင်း**

### မိခင်အမည်မှန်

ဟင်္သာတမြို့၊ ကြယ်တံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ ဦးသိန်းအောင်၏သား စောချစ်သွေးစံ၏ မိခင်အမည်မှန်မှာ နော်တင်စန်း ၁၄/ဟသတ(နိုင်)၂၄၇၄၂၅ ဖြစ်ပါကြောင်း။

**နော်တင်စန်း**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ အောင်မြေလမ်း၊ မြေကွက်အမှတ်(၃၇၅)၊ ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခြေရင်းခြမ်း(အမှတ်-၃၇၆နှင့်ကပ်လျက်ခြမ်း)ဖြစ်သည့် အမှတ်(၃၇၅/ခ)၊ ပေ(၂၃x၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးကျော်ဇောဟိန်း (၁၂/ဒဂမ(နိုင်)၀၁၂၄၂၅)မှ ၎င်းအမည်ပေါက် လက်ရှိပိုင်ဆိုင်သည့် အပိုင်းဖြစ်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ဦးကျော်ဇောဟိန်းနှင့် ဒေါ်နွယ်နီအေးတို့(၂)ဦး အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မူရင်းဖြင့် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဦးကျော်ဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းထူး LL.B ဒေါ်သီတာမိုး LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅) အထက်တန်းရှေ့နေ(စဉ်-၅၅၄၉၀)**
**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း - ၀၉- ၄၄၄၄၃၅၃၅၃၊ ၀၉- ၂၅၆၂၈၆၃၉၁**

## ဒေါ်စန္ဒာသန်း
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန
## အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးအောင်ကျော်သန်း-(ဒေါ်ရီရီ)တို့၏သမီးလတ်၊ (ဒေါ်ဥမ္မာသန်း)၏ညီမ၊ ဦးဦးညို၊ဝင်း-ဒေါ်ဇင်မာသန်းတို့၏အစ်မ၊ ဦးစန်းလွင် (ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး)၏ချစ် လှစွာသောဇနီး၊ မောင်အောင်ခေတ်ပိုင်(ခ)ခေတ်မင်းပိုင်၏ မွေးသမိခင်ကျေးဇူးရှင်မိခင်ကြီးသည် ၃၁-၈-၂၀၂၅ရက်(တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂-၉-၂၀၂၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တပ်ကြပ်ကြီး/စာရေး အောင်မျိုးဦး
## (ကပ-၉၀၆၆၉၅)
## အသက်(၅၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်နေ(ဦးတင်မြိုင်-ဒေါ်မြင့်မြင့်(ခ) ဒေါ်တုတ်ခိုင်)တို့၏သားကြီး၊ ဒေါ်စန်းစန်းမိုး၊ ဦးအောင် သိန်းထွဋ်-ဒေါ်စန္ဒာစိုး၊ ဒေါ်ဝါဝါသိမ့်တို့၏အစ်ကို၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ချော်တွင်းကုန်းအိမ်ရာနေ ဒေါ် ခင်အေးစိန်(ခ)မအကြီးမ ၏ ချစ်လှစွာသောခင်ပွန်းသည် ၃၁-၈-၂၀၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၀:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂-၉-၂၀၂၅ရက်(အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(မင်္ဂလာဒုံ)သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါသည်။

(ချော်တွင်းကုန်းနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၉-၂၀၂၅ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ပိတောက်ကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-12 မှ မသိင်္ဂီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းနိုင် ၁၄/ကပန(နိုင်) ၁၁၇၆၈၄ ဖြစ်ပါကြောင်း။

**ဦးစိန်ဝင်းနိုင်**

### ဖခင်အမည်မှန်

ဟင်္သာတမြို့နယ်၊ တူးမြောင်း အခြေခံပညာ အထက်တန်းကျောင်း၊ Grade-8 မှ မောင်ကောင်းဝေယံ၏ ဖခင်အမည်မှန်မှာ ဦးမျိုးမင်းသန်း ၁၄/ဟသတ(နိုင်)၂၄၅၁၆၇ ဖြစ်ပါသည်။

**ဦးမျိုးမင်းသန်း**

### အမည်နှင့်ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(မဲဇလီကုန်း) Grade-12မှ မောင်အောင်ဗိုလ်ကောင်းထက်၏ အမည်မှန်မှာ စောအောင်ဗိုလ်ကောင်းထက် ၁၄/အဂပ(နိုင်)၂၆၂၅၀၅ ဖြစ်ကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ စောမာဒင် ၁၄/ဟသတ(နိုင်) ၀၂၃၁၆၉ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ဧယျာသုခ(ဘက) ကျောင်း Grade-5 တွင် ပညာသင်ကြားနေသော မောင်ဝေဖြိုးသျှံ၏ မိဘအမည်မှန်မှာ ဦးဇင်မင်းလတ်-ဒေါ်အေးဆုဝေ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့် Star City၊ City Loft Condo၊ တိုက်အမှတ် (CL 7)၊ အခန်းအမှတ်(၄၀၇)၊ (၄)လွှာ၊ အခန်းအမျိုးအစား Type(Studio)၊ အကျယ်အဝန်းဧရိယာ(၃၁၂)၊ စတုရန်းပေရှိ သော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်အိမွန်ဦး ၁၂/ဗတထ(နိုင်) ၀၄၀၄၆၉ ထံမှ အပြီးအပြတ် ဝယ်ယူရန်အတွက် ကျွန်တော် ဦးအေးချမ်း ထွန်း ၁၂/လမတ(နိုင်) ၀၂၆၀၉၀က စရန်ငွေ ပေးချေခဲ့ပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အ ရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးချမ်းထွန်း ၁၂/လမတ(နိုင်) ၀၂၆၀၉၀**
**ဖုန်း-၀၉-၅၁၀၆၉၁၂**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/5635 Mitsubishi Pajero V78 W Station Wagon (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်လင်း ၈/နမန(နိုင်) ၁၁၇၁၃၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့နယ်၊ ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၃)၊ ငါးကျီးထူကွင်း၊ ဦးပိုင်အမှတ် (၂၅/၅၊ ၂၅/၆)၊ စုစုပေါင်းဧရိယာ၀ ဒသမ ၁၁၀ဧကရှိ ဂရန်မြေအား ဒေါ်သီရိမေ အမည်ဖြင့် မြေငှားဂရန်အသစ် ချထားပေးပါရန် လျှောက်ထားချက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ကာယကံရှင် ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါ သည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## ရဟန်းဒါယိကာမကြီး
## ဒေါ်တင်အေး
## အငြိမ်းစား ဆရာမကြီး(အထက-၁)
## အသက်(၉၀)နှစ်

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ အိမ်အမှတ်(၅၆)နေ (ဦးထွန်းအောင်-ဒေါ်သိန်းနွယ်)တို့၏သမီး၊ (ဦးစိုင်းညိုမြင့်)၏ ချစ်လှစွာသောဇနီး၊ ဦးချစ်ညိုဦး(C/E,P.I.L)-ဒေါ်စောဥမ္မာမြင့်၊ ဦးခင်မောင်ညို-ဒေါ်ခက်ခက်မြင့်၊ ဦးချစ်ညိုထွေး-ဒေါ်မြမြသက်၊ ဦးခင်မောင်ကျော်-ဒေါ်နွယ်နွယ်မြင့်၊ ဦးစိုင်းဝဏ္ဏညို-ဒေါ်ဝင်းမာစိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ယောက်၊ မြစ် နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၀-၈-၂၀၂၅ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၉-၂၀၂၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၄၆/၈) ဦးချစ်ညိုဦး-ဒေါ်စောဥမ္မာမြင့် နေအိမ်၌ သရဏဂုံတင်ပြီး ဟိန္နူသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အမည်ပြောင်းလဲခေါ်ပါရန်

မုံရွာမြို့နယ်၊ အလုံရပ်ကွက်နေ ဦးဝင်းနိုင် ၅/မရန(နိုင်) ၂၂၀၂၇၀ ၏သား မောင်ဟိန်းဧနိုင် (Future Step Education Centre Mandalay Pre-GED တန်း)အား မောင်သစ်ထူးနိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သစ်ထူးနိုင်**

### ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ ကုလားကုန်းကျေးရွာနေ မောင်မာန်သုကျော် ၁၂/မဘန(နိုင်)၂၃၀၃၂၉ ၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်းဋ္ဌေး ၈/မမန(နိုင်)၁၇၄၆၅၇ ဖြစ်ပါကြောင်း။

**ဦးဆန်းဝင်းဋ္ဌေး**

### အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ အထက၊ ထီးဆိပ်တုရားစု(ဘ)ဦးဝင်းခက်၏သား G-7 မှ မောင်ဇင်ထွဋ်၏ အမည်မှန်မှာ မောင်သော်ဇင်ထွဋ် ဖြစ်ပါကြောင်း။

**မောင်သော်ဇင်ထွဋ်**

### ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၉)၊ ရဲတံခွန်လမ်း၊ မြေကွက်အမှတ်(၂၁၂/က) ဦးပြည့်ဖြိုးဟိန်း အမည်ပေါက်သောဂရန်မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀)ရှိ ရေ/မီးပါသော နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ဒေါ်လှယဉ်ကျော့(၁၂/ဗတထ(နိုင်)၀၁၁၀၁၄)မှဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးဝင်းမြင့်သိန်း(၁၂/ဒဂမ (နိုင်)၀၀၆၆၈၂)မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြင့်သိန်း၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဋ္ဌေး(H.G.P.LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊(၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀၇၂၂၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/53537 Kenbo Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင်ထွန်း ၈/ရစက(နိုင်)၂၀၂၅၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အနောက်)မြို့နယ်၊ အထက ၁၆ မှ ကျောင်းဝင်အမှတ် ၃၁၀/၁၄ဖြင့် Grade-10 မှ မနွယ်နီသိန်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းအေးဖြစ်ပါသည်။

**ဦးသိန်းအေး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၃)၊ မြေကွက်အမှတ် (၂၈၂)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးခင်အေး (၁၂/မဂဒ (နိုင်) ၀၄၀၅၉၅) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၂၈၁)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆုလှဲ့လှဲ့ထွေး (၁၂/သလန (နိုင်) ၁၂၅၉၅၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** — **LL.B,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** — **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၄)၊ မြေကွက်အမှတ် (၇၀၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်လွင် (CF-၁၁၁၃၇၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲဇော် (၇/ပခန (နိုင်) ၃၇၃၉၀၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — **ဒေါ်လင်းလင်းထက်**
**LL.B, D.B.L, D.I.L.,** — **LL.B,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** — **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**
**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

❖ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေးအတွက် လိုအပ်သည့်သွင်းအားစုများကို မှန်မှန်ကန်ကန်ဖြည့်သွင်းပေးနိုင်ရန်လိုအပ်မည်ဖြစ်ပြီး စိုက်နည်းစနစ်များလည်း မှန်ကန်မှုရှိရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာရှအမျိုးသမီး ချန်ပီယံလိဂ် ခြေစစ်ပွဲတွင် အား/ကာသိပွဲအသင်း ရာနှုန်းပြည့်အနိုင်ဖြင့် ခြေစစ်ပွဲအောင်မြင်


အား/ကာသိပွဲအသင်း တိုက်စစ်ကစားသမား ယွန်းဝတီလှိုင် ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

ရန်ကုန် ဩဂုတ် ၃၁

၂၀၂၅-၂၀၂၆ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စု (က) နောက်ဆုံးနေ့ကို ဩဂုတ် ၃၁ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာကလပ် အား/ကာသိပွဲအသင်းက ဖိလစ်ပိုင်ကလပ် စတေလီယန်လာဂူနာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

မြန်မာကလပ် အား/ကာသိပွဲအသင်းသည် ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် ရာနှုန်းပြည့်အနိုင်ဖြင့် ခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ အာရှအမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီတွင် စတင်ကျင်းပခဲ့ပြီး အား/ကာသိပွဲ အသင်းသည်

စာမျက်နှာ ၁၉ ကော်လံ ၄ ❖

## စက်တင်ဘာ ၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၃၁

ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၌ စက်တင်ဘာ ၂ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## လေဖိအားနည်းဆဲလ် ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွား

နေပြည်တော် ဩဂုတ် ၃၁

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ကယားပြည်နယ် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် လေပွေလှိုင်းအဖြစ် အားလျော့သွားခဲ့သည်။

အဆိုပါ လေပွေလှိုင်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၁၉ ကော်လံ ၄ ❍

## စပိန်လာလီဂါပွဲစဉ် (၃) တွင် ရီးရဲမက်ဒရစ်က မာယော့ကာကို အနိုင်ယူ

စပိန်လာလီဂါပွဲစဉ်(၃) အဖြစ် ဩဂုတ် ၃၁ ရက် နံနက် ၂ နာရီက ဘာနေဗျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရီးရဲမက်ဒရစ်နှင့် မာယော့ကာအသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ရာနှုန်းပြည့် နိုင်ပွဲဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်း၏ ပွဲကစားချိန် ၇ မိနစ်၊ ၄၅ မိနစ်နှင့် ၅၅ မိနစ်တို့တွင် ရရှိခဲ့သော သွင်းဂိုး သုံးဂိုးစလုံးကို ဗွီအေအာရ်က ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ မာယော့ကာအသင်း ကစားသမား မူရီကေးက ပွဲကစားချိန် ၁၈ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ရီးရဲမက်ဒရစ်အသင်းက ချေပဂိုးရရှိရေး

စာမျက်နှာ ၁၉ ကော်လံ ၄ ❈


ရီးရဲမက်ဒရစ်အသင်းကစားသမား ဂူလာ မာယော့ကာ အသင်းဘက်ထိုးဖောက်တိုက်စစ်ဆင် ကစားစဉ်။

### ယနေ့ သတင်းအညွှန်း


ဒီဖိုရမ်ကနေတစ်ဆင့် လူငယ်တွေ သိရှိတဲ့အသိပညာတွေကို ဒီနေရာမှာတင် ရပ်တန့်မနေဘဲ လူငယ်တိုင်းဆီရောက်အောင် လုပ်ဆောင်နိုင်မယ်ဆိုရင် ပိုပြီးကောင်းမယ်လို့ ခံစားမိပါတယ်။ လူငယ်တွေရဲ့အားနဲ့ နိုင်ငံအတွက် လိုအပ်နေတဲ့ နေရာတွေမှာ ပါဝင်နိုင်ကြဖို့ လက်ဆင့်ကမ်း အသိပေးတဲ့ ဖိုရမ်တစ်ခုပါ
တွေ့ဆုံမေးမြန်း စာ ၁၃

မလေးရှားနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ
နိုင်ငံတကာသတင်း စာ ၁၄

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ
ပြည်တွင်းသတင်း စာ ၁၈